
www.burmeseclassic.com




BURMESE CLASSIC

# ဖြစ်ပျက်မြင်တုန်း နိဗ္ဗာန်အတုဝင်တတ်တယ်

## (တရားထိုင်သူများအတွက်)

( ၁၉ ၊ ၆ ၊ ၆၂ )

၁

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော် ဘုရားကြီး ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ်(၁၁)မှ ထုတ်နှုတ်ပုံနှိပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မိုးကုတ်မြို့တွင်ဟောကြားတော်မူသောတရားတော်

# ဖြစ်ပျက်မြင်တုန်း

# နိဗ္ဗာန်အတုဝင်တတ်တယ်

## (တရားထိုင်သူများအတွက်)

BURMESE CLASSIC

၁၉ - ၆ - ၆၂

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် အမှတ် - ၅၆/၉၆ (၄)

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာစာရေးစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့။
အမှတ် ၈၂၊ နတ်မှောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

BURMESE CLASSIC

မိုးကုတ်ယောဂီများအတွက်သာ ထုတ်ဝေပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသော တရားတော်

# ဖြစ်ပျက်မြင်တွန်း

# နိဗ္ဗာန်အတူဝင်တတ်တယ်

(တရားထိုင်သူများအတွက်)

(၁၉-၆-၆၂)

ဒကာဒကာမတွေ သတိပေးတရားဆိုသလိုဘဲပြော ရမယ်နော်. . .၊ ဒကာကြီးလှိုင်- သတိပေးတရားပြောမယ် နော်. . . (မှန်လှပါ)။

သတိပေးတရားဆိုတာက ကိုယ့်ကိုယ်ကို စစ်ဆေးဖို့ ပါဘဲဆိုတာ မှတ်ထားရမယ်နော်. . . (မှန်ပါ)၊ ကိုယ့်ကိုယ်ကို စစ်ဆေးဖို့ဆိုတဲ့ဥစ္စာ ဘာပါလိမ့်မတုံးဆိုတော့ ရှင်မဟာ ကဿပကြီးက ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို မေးတယ် . . . လို့ ကိုမြင့်တို့ မောင်နိုင်တို့ မှတ်ရမယ်. . . (မှန်ပါ)*။

* နိဒါနဝဂ္ဂ ကဿပသံယုတ်၊ သဒ္ဓမ္မ ပဋိရူပကသုတ်ကြည့်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အရှင်ဘုရား. . . တဲ့ သိက္ခာပုဒ်တွေ နည်းတုန်းက ရဟန္တာတွေသိပ်ဖြစ်တာဘဲ. . . တဲ့။

သိက္ခာပုဒ်နည်းတုန်းက နှစ်ရှာနှစ်ဆယ် ခုနစ်သွယ် မပြည့်ခင်တုန်းကတော့ ရဟန္တာသိပ်ဖြစ်ကြတယ်။

နောက်- အဲရှင်ဘုရားက သိက္ခာပုဒ်တွေ ပေါ်တိုင်း ပေါ်တိုင်း တိုးလိုက်တော့ နှစ်ရာ့နှစ်ဆယ်-ခုနစ်သွယ်တောင် ဖြစ်သွားတော့ ရဟန္တာအဖြစ် နည်းသွားတယ်ဘုရား၊ အဲဒါ ဘာကြောင့်ပါလိမ့်မတုံးလို့ ဘုရားကိုမေးတာ မောင်နိုင်. . . (မှန်ပါ့)။

သိက္ခာပုဒ်နည်းတုန်းကတော့ ဘာတဲ့. . . (ရဟန္တာ အဖြစ်များပါတယ်ဘုရား)၊ သိက္ခာပုဒ်လည်းများလာပါရော. (ရဟန္တာအဖြစ်နည်းပါတယ်ဘုရား)၊ ရဟန္တာအဖြစ်နည်းသွား တယ်ဆိုတော့ ကိုညွန့်တို့အားလုံး မေးစရာအကြောင်း ပေါ် လာတယ်. . . (မှန်ပါ့ဘုရား)။

## သိက္ခာပုဒ်များလို့ ရဟန္တာအဖြစ်နည်းခြင်းပါလား ဘုရား

သိက္ခာပုဒ်နည်းတုန်းကတော့ဖြင့်. . တဲ့၊ ရဟန္တာတွေ ဖြစ်လိုက်ကြတာ နည်းတာတွေမဟုတ်ပါဘူး. . . တဲ့၊ အခု သိက္ခာပုဒ်တွေလည်း အရှင်ဘုရားက ဝိုးကာ တိုးကာ လုပ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်တဲ့အခါ သိက္ခာပုဒ်တွေကသိပ်များ၊ အဲဒီများသွားတဲ့ အခါကျမှ ရဟန္တာအဖြစ်နည်းသွားတော့ ဒါ ဘယ်အကြောင်း ကြောင့်ပါလိမ့်မလဲ. . . လို့ မောင်နိုင်တို့ ကိုညွန့်တို့ မေးပြီ . . . (မှန်ပါ့)။

ဒီတရားဟောရတာက ဒကာဒကာမတွေမှာ အလုပ် တွေကလည်း လုပ်ပြီးသကာလ. . . နေသောကြောင့် ကိုယ့် အလုပ်ကို ကိုယ်စစ်ဆေးနိုင်အောင်ဆိုပြီးသကာလ ဒီပါဠိ တော်ထုတ်လာတာ ဒကာကြီးလှိုင်. . . (မှန်ပါ့)။

ဒီတွင် ဘုရားကဖြေလိုက်တယ်ကွာ- တဲ့ သဒ္ဓမ္မ ပဋိရူပကဆိုတာရှိတယ်ကွာ. . . တဲ့၊ တရားတုတွေ ပေါ်လာ လို့ရှိရင်လည်း တရားတုတွေပေါ်လာတဲ့အတွက် ရဟန္တာ အဖြစ်နည်းတယ်. . . တဲ့။

ဒကာကြီးလှိုင်- ရိပ်မိပလား. . . (ရိပ်မိပါပြီ)၊ ဘာတဲ့ တုံး. . . (တရားတုတွေပေါ်လို့ပါဘုရား)။

တရားအတုတွေပေါ်လာတဲ့အတွက် ရဟန္တာအဖြစ် နည်းတယ်. . . တဲ့ ရှင်းပလား. . . (ရှင်းပါပြီ)၊ ဘာတဲ့တုံး. . (တရားအတုတွေပေါ်လာတဲ့အတွက် ရဟန္တာအဖြစ်နည်းပါ တယ်ဘုရား)။

နောက်က ဒကာဒကာမတွေ တစ်ခါမှမဟောဘူး သေးတော့ ဒီဥစ္စာကို ကိုယ်လုပ်ထားတဲ့ဥစ္စာနဲ့ ပြင်စရာရှိ

www.burmeseclassic.com

www.burmeseclassic.com



ပြင်ဖို့၊ တိုးစရာရှိ တိုးဖို့ကို ဆရာဘုန်းကြီးက သတိပေးတာလို့ ဆိုတာ ဒကာကြီးလှိုင်-မှတ်ရမယ်. . . (မှန်ပါ့)။

အလုပ် မလုပ်တဲ့ပုဂ္ဂိုလ်ကို ဒီတရားဟောဖို့ မလိုပါဘူး၊ အလုပ် လုပ်နေတဲ့ပုဂ္ဂိုလ်ကျတော့ ပြောရလိမ့်မယ်တဲ့၊ အဲဒီတော့ ဒီဖြစ်ပျက်ကိုမြင်လာတယ်၊ အလုပ် လုပ်နေတဲ့ ပုဂ္ဂိုလ်မှာ တရားတုက ဖြစ်ပျက်မြင်တုန်း ဝင်နှောင့်ယှက်တယ်၊ မောင်နိုင်- မှတ်ထား. . . (မှန်ပါ့)၊ တရားတုက. . . (ဖြစ်ပျက်မြင်တုန်း ဝင်နှောင့်ယှက်ပါတယ်ဘုရား)၊ ဖြစ်ပျက်မြင်တုန်း ဝင်နှောင့်ယှက်တယ်တဲ့၊ အတုဝင်လာတယ်. . . (မှန်ပါ့)၊ အလုပ်ထဲဝင်လာတာ။

နောက်က ဒကာဒကာမတွေ ဥဒယဗ္ဗယဉာဏ်မှာ ဝင်လာတယ်၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ဖြစ်ပျက်မြင်တာက ဥဒယဗ္ဗယဉာဏ်မဟုတ်လား. . . (မှန်ပါ့)၊ အဲဒီမြင်နေတုန်းမှာ. တဲ့၊ အဓိဂမပဋိရူပကဆိုတာ ဝင်တတ်တယ်ကွာ. . တဲ့၊ အတုဝင်တတ်တယ်၊ နိဗ္ဗာန်အတု ဝင်တတ်တယ်ပြောတာ. . . (မှန်ပါ့)။

## ဖြစ်ပျက်မြင်တုန်း နိဗ္ဗာန်အတုဝင်တတ်တယ်

ဒကာကြီးလှိုင်-မှတ်ထားစမ်းပါ၊ ဖြစ်ပျက်မြင်တုန်း နိဗ္ဗာန်အတုဝင်တတ်တယ်၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီဖြစ်ပျက်မြင်နေတော့ နိဗ္ဗာန်အတုဝင်လာတော့ ဩော်- ဒါ နိဗ္ဗာန်ဘဲဆိုပြီးသကာလ ကိုညွှန့် တရားရပ်ပစ်လိုက်တယ်. . . (မှန်ပါ့)။

ငါတော့ဖြင့် သောတာပတ္တိမဂ် ဆိုက်ပြီ နိဗ္ဗာန်မြင်ပြီဆိုပြီးတော့ ရပ်လိုက်တော့ တရားကတော့ ဥဒယဗ္ဗယ ဖြစ်ပျက်ဆိုတော့ မောင်နိုင် ဘယ်. . . ဆုံးမှမဆုံးသေးဘဲ. . . (မဆုံးသေးပါဘုရား)။

မဆုံးသေးချိန်မှာ ဒကာဒကာမတွေ မှတ်ထားလိုက်စမ်းပါတဲ့၊ နိဗ္ဗာန်အတု ဝင်လာတယ်. . . (မှန်ပါ့)။

မဆုံးသေးခင် ဘာဝင်လာသတုံး. . . (နိဗ္ဗာန်အတုဝင်လာပါတယ်ဘုရား)။

နိဗ္ဗာန်အတု ဝင်လာတယ်ဆိုတဲ့ဥစ္စာဟော့. . . မောင်ခင်မောင်တို့၊ ကိုရှင်းတို့ သေသေချာချာမှတ်ရမယ်. . . (မှန်ပါ့)၊ ဒါက သတိပေးတဲ့တရားနော်. . . (မှန်ပါ့)။

## ရဟန္တာအဖြစ်နည်းတာ နိဗ္ဗာန်အတုဝင်လို့

ရဟန္တာဘယ့်နှယ်ကြောင့် အဖြစ်နည်းသတုံးလို့ မေးတဲ့အခါကျတော့ နိဗ္ဗာန်က အတုတွေဝင်လာတယ်ကွ. . .။

ဘယ်အချိန် ဝင်လာပါလိမ့်မတုံး. . . (ဖြစ်ပျက်မြင်တဲ့အခါမှာပါဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



အဲ. . . ဖြစ်ပျက်ဆိုတော့ ဥဒယဗ္ဗယပေါ့လေ. . . (မှန်ပါ့)၊ အဲဒီဥဒယဗ္ဗယဉာဏ်အချိန်မှာ ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ဝင်တတ်တယ်. . . (မှန်ပါ့)၊ ဖြစ်ပျက်လည်းမဆုံးဘူး၊ မှုန်းလည်းမမှုန်းဘူး၊ ဆုံးလည်းမဆုံးတဲ့အချိန်မှာ နိဗ္ဗာန်ဝင်လာတယ်၊ ကိုယ်ထင်တဲ့နိဗ္ဗာန်ပေါ့လေ. . . (မှန်ပါ့)။

ကိုပေါ်ကြီးသေသေချာချာမှတ်. . . (မှန်ပါ့)၊ သေသေချာချာမှတ်ပါ၊ ဒကာဒကာမတို့ နောက်က အလုပ်လုပ်နေတဲ့ပုဂ္ဂိုလ်တွေမို့ ဒီဥစ္စာ အရေးတကြီးပြောနေရပါတယ်ဆိုတာကိုလည်း မှတ်ရမယ်. . . (မှန်ပါ့)။

ဒကာကြီးလှိုင် မပြောရဘူးလား. . . (ပြောရပါမယ်ဘုရား)၊ ပြောရမယ်တဲ့၊ မေးတဲ့ပုဂ္ဂိုလ်ကလည်း မောင်နိုင်သေးတဲ့ပုဂ္ဂိုလ်မှမဟုတ်ဘဲ. . . (မှန်ပါ့)၊ ရှင်မဟာကဿပက မေးတာ၊ ဘုရားမရှိရင် သူဟာ ဘုရားကိုယ်စားလှယ်ဘဲ၊ သံဂါယနာတင်တော့ ခေါင်းဆောင်ကြီးပေါ့ မောင်နိုင်ရ. . . (မှန်ပါ့)။

## ဆယ်ချက်လာတတ်တယ်

အဲဒီတော့ လိုရင်းပြောကြပါစို့လို့ဆိုတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေ ဖြစ်ပျက်မြင်တဲ့အချိန်မှာ ဆယ်ချက်လာတတ်တယ်ကွာ. . . တဲ့၊ ဆယ်ချက်ထဲက တစ်ချက်ချက်လာတတ်တယ်တဲ့. . . (မှန်ပါ့)။

www.burmeseclassic.com

www.burmeseclassic.com



ဦးဘကလေး ဆယ်ချက်ထဲက တစ်ချက်ချက် လာတတ်တယ်. . . (မှန်ပါ့)။

ခန္ဓာကိုယ်က အရောင်အဆင်းလည်းထွက်တတ်တယ်ကွတဲ့၊ ဖြစ်ပျက်အားထုတ်ရင်းမတ္တာနဲ့ မောင်နိုင်တို့က ဥဒယဗ္ဗယဉာဏ်က ရင့်သန်လာတာကိုး၊ ရင့်သန်လာတော့ကို ခန္ဓာကိုယ်က အရောင်အဆင်းရင်လည်း ထွက်တတ်တယ် . . . (မှန်ပါ့)။

## (၁) အရောင်အဆင်း ထွက်တတ်တယ်

ကိုပေါ် အရောင်အဆင်းထွက်လာတော့ ဪ. . . ဒါ မဂ်က ထွက်လာတဲ့အရောင်ဘဲဆိုပြီးသကာလ မောင်နိုင် ဒါ မဂ်ဉာဏ်ရတဲ့သဘောဘဲလို့ ကိုယ့်ဟာကိုယ်ထင်တတ်တယ်. . . (မှန်ပါ့)၊ အရောင်အဆင်း အာရုံပြုပစ်လိုက်တယ် . . . (မှန်ပါ့)။

ဦးဘကလေး အရောင်အဆင်းအာရုံပြုပစ်လိုက်တော့၊ ဝိပဿနာဉာဏ်က ဖြုစင်လို့ ခန္ဓာက အရောင်ထွက်လာတာ. . (မှန်ပါ့)၊ ရှင်းပလား.. . . (ရှင်းပါပြီဘုရား)။

ခန္ဓာက အရောင်ထွက်လာတယ်၊ အဲဒါကို ငါ မဂ်ရပြီလို့ထင်ပြီး၊ ဒကာဒကာမတွေက၊ ရပ်ပစ်လိုက်တတ်တယ်. . (မှန်ပါ့)။

www.burmeseclassic.com

www.burmeseclassic.com



အတုပေါ်တာ. . . (မှန်ပါ့)၊ မပေါ်မရှိဘူးတဲ့၊ သူ တစ်ခါတလေပေါ်မယ်နော်. . . (မှန်ပါ့)။

ကောင်းပြီ. . . ဒါပေါ်တဲ့ပုဂ္ဂိုလ်လည်း ပေါ်တယ် ထားနော်. . . (မှန်ပါ့)၊ ဒါ မပေါ်ရင် ဘာပေါ်တတ်သတုံး ဆိုတော့ ဒီဆယ်ချက်ကလည်း ဥဒယဗ္ဗယဉာဏ်မှာ ပေါ်ရမှာ ဘဲ၊ တစ်ခုခုတော့ ပေါ်ရမယ်. . . (မှန်ပါ့)။

မောင်နိုင် မှတ်ထားပါနော်. . . (မှန်ပါ့)၊ ကိုရှင်းတို့ မမှတ်ရပေဘူးလား. . . (မှတ်ရပါတယ်ဘုရား)။

မှတ်ရလိမ့်မယ်၊ ကိုယ်က လုပ်နေတာကိုးဗျ၊ ဒါမှ နိဗ္ဗာန်စစ်နဲ့ နိဗ္ဗာန်တုနဲ့ ကွဲသွားမယ်. . . နော်. . . (မှန်ပါ့)။

အခု ခန္ဓာကိုယ်က အရောင်အဆင်းထွက်တာကို ပင်လျှင်. . . ယောဂီပုဂ္ဂိုလ်က အားထုတ်နေတဲ့ပုဂ္ဂိုလ်က ငါ တော့ဖြင့် မဂ်ရလို့ ခန္ဓာကိုယ်ကတောင် အရောင်တွေထွက် လာပြီဆိုပြီး ရပ်ပစ်လိုက်တယ်။

အရောင်ဘက်လှည့်သွားတယ်၊ အရောင်ဘက် သာယာပစ်လိုက်ပြီ မောင်နိုင်. . . (မှန်ပါ့)၊ သာယာပစ်လိုက် တော့ ဉာဏ်ရှိသေးရဲ့လား. . . (မရှိပါဘုရား)၊ အရောင်က တော့ ထွက်လျက်ဘဲ. . . (မှန်ပါ့ဘုရား)။

အဲဒီမှာလည်းတဲ့ သူ့ဟာသူ မဂ်ရလို့ ခန္ဓာက အရောင်ထွက်လာတာဘဲဆိုပြီးသကာလ ရပ်ပစ်လိုက်တော့

www.burmeseclassic.com

www.burmeseclassic.com



ကိုတဲ့ တရားတုဝင်လာတတ်တယ်တဲ့၊ နိဗ္ဗာန်လည်းမဟုတ်ဘူး၊ မဂ်လည်း မဟုတ်ဘူး. . . (မှန်ပါ့ဘုရား)။

ဒကာကြီးလှိုင်. . . မဂ်လည်းမဟုတ်ဘူးတဲ့၊ ဖြစ်ပျက်မြင်တဲ့ဝိပဿနာမဂ်ရှိသေးတာဘဲ. . . (မှန်ပါ့)၊ မဂ်စစ်မဟုတ်သေးဘူး။

အဲ့ဒီအချိန်မှာ ကိုယ်ကအရောင်တွေ, ဘာတွေထွက်တတ်ပါတယ်. . . (မှန်ပါ့)၊ အဲဒီအရောင်ထွက်လာလို့ရှိရင်လည်း ဒီအရောင်တွေကို တစ်ချို့မှာဘယ်လောက်ထွက်တတ်သတုံးလို့ မေးတဲ့အခါကျတော့ တင်ပလ္လင်ခွေတစ်ခုလုံးမှာ တစ်ကိုယ်လုံးကနေပြီး အရောင်တွေဖြာထွက်တတ်တယ်. . (မှန်ပါ့)၊ တစ်ချို့ကျတော့လည်းတဲ့၊ ဒီတိုက်တစ်ခုလုံးမြင်လာအောင်ထွက်တတ်တယ်. . .၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

တစ်ချို့ကျတော့လည်း ကောင်းကင်ကျအောင် လင်းတယ်၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဒီဖြစ်ပျက်မြင်တဲ့ဉာဏ်တုန်းကတော့ အောက်အဝီစိကျအောင်လင်းတယ်. . (မှန်ပါ့)၊ အထက်ဗြဟ္မာပြည်ကျအောင် လင်းထွက်တယ်. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲဒါကို မဂ်ရလို့ထင်ပြီးသကာလ ယောဂီပုဂ္ဂိုလ်ကအားထုတ်နေရာက ရပ်ပစ်လိုက်တတ်တယ်၊ ငါ မဂ်ရလို့

www.burmeseclassic.com

www.burmeseclassic.com



အရောင်ထွက်တာဘဲဆိုပြီးသကာလ အရောင်ဘက်လှည့် လိုက်တယ်၊ ဟို ဖြစ်ပျက်လှည့်သေးရဲ့လား. . . (မလှည့်ပါ ဘုရား)၊ အားရတင်းတိမ်တဲ့ဘက် လှည့်မသွားဘူးလား. . . (လှည့်သွားပါတယ်ဘုရား)။

အားရတင်းတိမ်တဲ့ဘက်လှည့်သွားတော့ တကယ် မဂ်ကောဟုတ်ပါရဲ့လားလို့ဆိုတော့ ဥဒယဗ္ဗယကြောင့် ဉာဏ် ကြည်လို့ထွက်တာ. . . (မှန်ပါ့)၊ ရှင်းကြပလား. . . (ရှင်းပါပြီ ဘုရား)၊ ဘာဖြစ်လို့ပါလိမ့်. . . (ဉာဏ်ကြည်လို့ ထွက်တာပါ ဘုရား)။

## ဉာဏ်ရောင်ထွက်တာကို မဂ်ထင်တယ်

ဉာဏ်ရောင်ထွက်တာကို သူက မဂ်ထင်လိုက်တယ်. (မှန်ပါ့)၊ အဲဒီ တရားတုတွေက တရားတုဆိုတာက ဒီလောက တရားတုကို ဘုန်းကြီးကပြောတာမဟုတ်ပါဘူး၊ ကိုယ်လုပ်နေ တဲ့အထဲက တရားတုက လာနှိပ်စက်တာပြောတာပါ. . . (မှန်ပါ့)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဩဘာသ-ဆိုတဲ့အရောင် ထွက်တတ်တယ် နော် . . . (မှန်ပါ့)၊ ထွက်လာလို့ ဒီအထဲက ယောဂီဒကာ ဒကာမတွေက ထွက်လာလို့ရှိရင်ဖြင့် ဒါ မဂ်မဟုတ်သေးဘူး ဒီအရောင်လည်း ခန္ဓာကိုယ်ကဖြစ်တဲ့အရောင်ဘဲ၊ သူလည်း

www.burmeseclassic.com

www.burmeseclassic.com



အရောင်ရိုပ်ဘဲ၊ အရောင်ရိုပ်ဖြင့် ဖြစ်ပျက်လို့ ရှုပေး . . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

သူ့ကို ဘာလုပ်ပေးရမလဲ. . . (ဖြစ်ပျက်ရှုပေးရပါမယ်ဘုရား)၊ သူ့ဘဲ အနိစ္စပြန်ရှုလိုက်တာပေါ့. . . (မှန်ပါ့)၊ ဖြစ်ပျက်ပြန်ရှုလိုက်ပြီးသကာလ အဲဒီကတက်သွားပြန်တော့လည်း မဂ်ဖြစ်သွားတယ်. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါ မလာဘဲမရှိဘူး. . . တဲ့၊ ဒါက ဆယ်ခုမှာ ဒီတစ်ခုရင်လဲ လာတတ်တယ်. . . (မှန်ပါ့)၊ ဒီတစ်ခုမလာရင် ဒို့ပြင်ဘာလာမှာတုံး-လို့ မေးတဲ့အခါကျတော့ ပီတိ. . . တဲ့၊ ပီတိလည်း လာတတ်တယ်. . . (မှန်ပါ့)။

## (၂) ပီတိဆိုတာ လာတတ်တယ်

အရောင်မလာတဲ့ပုဂ္ဂိုလ်မှာ ပီတိလာလိမ့်မယ်. . . (မှန်ပါ့)၊ ပီတိလာတယ်. . . တဲ့၊ ပီတိဆိုတာက တစ်ခါတည်း ခန္ဓာကိုယ်ကြီးကိုကြွသွားပြီးသကာလ၊ ပေါ့ပါးပြီးသကာလ ကြက်သီးတွေထ,လို့ ကောင်းကင်ပျံတော့မလိုလို၊ ထိုင်ရမှန်းမသိ၊ ထရမှန်းမသိ၊ ဒီလိုလည်းဖြစ်လာတတ်တယ်. . . (မှန်ပါ့)၊ ဒါလည်း ဥဒယဗ္ဗယ-ဆိုတဲ့ ဖြစ်ပျက်ကို မြင်တဲ့ ဉာဏ်ကြောင့် ဖြစ်ပေါ်လာတာ. . . (မှန်ပါ့)။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ပီတိကိုလည်း ဒကာဒကာမတွေက ဒါ-မင်္ဂစိတ် လို့မယူလိုက်နဲ့၊ သြော်- ဒါ ဉာဏ်ကြည်လို့ဖြစ်လာတဲ့ ပီတိဘဲ လို့ ဒကာကြီးလှိုင်က ယူလိုက်တာပေါ့. . (မှန်ပါ့)၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ပီတိငါးမျိုး

ဉာဏ်ကြည်လို့ဖြစ်လာတယ်. . . (မှန်ပါ့)၊ ဖြစ်ပျက် ကိုမြင်တဲ့ဉာဏ်က ထက်မြက်လို့ ပီတိငါးမျိုးလာပစ်လိုက် တယ်. . . (မှန်ပါ့ဘုရား)။

ခုဒ္ဒကာပီတိတို့ ခဏိကာပီတိတို့ ဩက္ကန္တိကာပီတိတို့ ဥဗ္ဗေဂါပီတိ ဖရဏာပီတိတို့ဆိုတာတွေ မောင်နိုင် မလာဘူး လား. . . (လာပါတယ်ဘုရား)။

အဲဒီလာလို့ရှိရင်လည်း ဒီပီတိဘဲဆိုပြီးတော့ ဒါဖြင့် ဒို့နားလည်ပြီ၊ ဆရာသမားသင်ထားတယ်၊ ဒါတွေဟာ မဂ် မဟုတ်ဘူး၊ လောကုတ္တရာမဂ်မဟုတ်သေးဘူးလို့ မောင်နိုင်က ပယ်ချ. . . (မှန်ပါ့)၊ ပယ်ချပြီးသကာလ ကိုယ့်ဖြစ်ပျက်နဲ့ ကိုယ်နေချင်နေနော်. . . (မှန်ပါ့)၊ သူ့ကို မသာယာလိုက်ပါနဲ့၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

သူ့ကို မသာယာလိုက်ပါနဲ့လို့ သတိပေးလိုက်တယ် နော်. . . (မှန်ပါ့)။

www.burmeseclassic.com

www.burmeseclassic.com



ကိုရှင်းတို့ သူ့ကိုဘာလုပ်ပစ်ရမတုံး (မသာယာရပါ ဘုရား)၊ သူ့ကိုလည်း ဖြစ်ပျက်ရှုနိုင်ရှု မရှုနိုင်ရင် ကိုယ့်ဖြစ်ပျက်ကို လက်မလွှတ်လိုက်ပါနဲ့. . . (မှန်ပါ့)၊ ပေါ်ကြပလား. (ပေါ်ပါပြီ)၊ ဘယ်နှစ်မျိုးရှိသွားပလဲ. . . (နှစ်မျိုးရှိသွားပါပြီ ဘုရား)။

## (၃) ဉာဏ်ထက်လာတတ်တယ်

'သြဘာသေ စေဝ ဉာဏေ စ' တစ်ခါတလေကျတော့ ဉာဏ်က သိပ်တက်လာပြီးသကာလ၊ ဖြစ်ပျက်ကလေးတွေ စိပ်စိပ်-စိပ်စိပ်ပြီးသကာလ လာတာကိုပင်လျှင် ငါ့ဉာဏ်က သာမညအရင်ဉာဏ်မဟုတ်တော့ဘူး၊ ဒါ မဂ်ဉာဏ်မို့ ဒီလောက် စူးစူးစိုက်စိုက်မြင်တာဘဲဆိုပြီး ဖြစ်ပျက်တွေစိပ်စိပ် ကြီးမြင်လာလို့ရှိရင်လည်း ဒီဉာဏ်ဟာ မဂ်ဉာဏ်လို့ ကိုယ်က မယူလိုက်ပါနဲ့နော်. . . (မှန်ပါ့)၊ ဝိပဿနာမဂ်ဘဲ ရှိပါသေးတယ်. . . (မှန်ပါ့)။

လောကုတ္တရာမဂ်. . . (မဟုတ်သေးပါဘုရား)၊ မဟုတ်သေးဘူး၊ သို့သော်လည်း အရင်ဉာဏ်နဲ့တော့ မတူဘူး. . . (မှန်ပါ့)၊ တစ်ခါတည်းထိုးထွင်းပြီးသကာလ သိလာတဲ့ ဉာဏ်. . . (မှန်ပါ့)။

အဲဒီဉာဏ်ကိုလည်း အဓိဂမပဋိရူပကဆိုပါတယ်

www.burmeseclassic.com

www.burmeseclassic.com



အဓိဂမပဋိရူပကဆိုတာက မဂ်ရပြီလို့ထင်တယ်၊ အလားတူပါ . . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် အဲဒီဉာဏ်လာလို့ရှိရင်လည်း သြော်. . . ဒီဉာဏ်ဟာ ဝိပဿနာဉာဏ်ဘဲရှိသေးတယ်ဆိုပြီး ရှုမြဲဘဲ၊ ဒကာဒကာမတွေက ရှုနေပါ. . . (မှန်ပါ့)။

ဒကာကြီးလှိုင်- 'ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဘယ်နှစ်ခုရှိသွားပလဲ. (သုံးခုရှိသွားပါပြီ)၊ သြဘာသရယ်၊ ပီတိရယ်၊ ဉာဏ်ရယ်၊ သုံးခုရှိသွားပြီနော်. . . (မှန်ပါ့)။

"သြဘာသေ စေဝ ဉာဏေ စ၊ ပီတိယာ စ ဝိကမ္ပတိ" ဒါတွေကြောင့်လဲကွာ. . . တဲ့ တုန်လှုပ်တတ်ပါတယ်. . တဲ့ ယောဂီပုဂ္ဂိုလ်မှာ. . . (မှန်ပါ့)။

ပဿဒ္ဓိ = တခါတည်းရှုရင်းမတ္တနဲ့ ဖြစ်ပျက်တွေမြင်ပြီး ကိုယ်ဟာကျောက်တိုင်ကြီးလိုဘဲဖြစ်နေတယ်၊ ကိုယ်လည်းငြိမ်းသွားတယ်၊ စိတ်တွေလည်းငြိမ်းပြီးသကာလနေတယ်၊ ဖြစ်ပျက်တွေမြင်လို့ ကိုယ်ငြိမ်း၊ စိတ်ငြိမ်းဖြစ်တာ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## (၄) ကိုယ်ငြိမ်း စိတ်ငြိမ်းဖြစ်တတ်တယ်

ကိုယ်ငြိမ်း၊ စိတ်ငြိမ်းဖြစ်သွားပြန်တော့လည်း သြော်. ဒါ မဂ်အစစ်မို့ ဒါလောက်တောင်ဘဲ ကိုယ်၏ငြိမ်းခြင်း၊ စိတ်၏

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းခြင်းဖြစ်တာဘဲလို့ဆိုပြီး၊ အလုပ် ရပ်ပစ်လိုက်တတ်တယ် (မှန်ပါ့)၊ စင်စစ်- ဥဒယဗ္ဗယဉာဏ်ကြောင့်လာတဲ့ ပဿဒ္ဓိတွေဘဲ. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲဒီ ချမ်းသာသည် ကိုယ်ငြိမ်း, စိတ်ငြိမ်းတဲ့ တကယ်ငြိမ်းတာတွေလည်း ပဿဒ္ဓိဘဲ၊ ဒီက သတိတွေကလည်း ဖြစ်ပျက်ဘဲ၊ ရှုသာပစ်လိုက်ဦး. . . (မှန်ပါ့)၊ နို့မဟုတ်ရင် သူက နိဗ္ဗာန်လုပ်ပြီးတော့ဝင်လာတယ်. . . (မှန်ပါ့)။

ဦးဘကလေး. . . ဒါ အင်မတန်အရေးကြီးတဲ့တရားဆိုတာ သတိပေးတရားဆိုတာ အလုပ်သမားအတွက်မှာဖြင့်ကိုမြင့်. . မပေးမဖြစ်တဲ့အလုပ်ဘဲ. . . (မှန်ပါ့)၊ ဒီအန္တရာယ်က ဒကာဒကာမတွေ မဂ်မဟုတ်ဘဲနဲ့ မဂ်ဝင်လုပ်မှာ၊ နိဗ္ဗာန်မဟုတ်ဘဲနဲ့ နိဗ္ဗာန်ဝင်လုပ်မှာ. . . (မှန်ပါ့)၊ မလုပ်ပေဘူးလား. . . (လုပ်ပါတယ်ဘုရား)။

ကဲ- ဒါဖြင့် ကိုယ်ငြိမ်း, စိတ်ငြိမ်းနဲ့လည်း တင်းတိမ်ပြီးသကာလ မနေဘဲနဲ့ ငြိမ်းတတ်တဲ့ပဿဒ္ဓိကိုဘဲ ဖြစ်ပျက်ရှုပစ်လိုက်. . . (မှန်ပါ့ဘုရား)။

ဖြစ်ပျက်က မောင်နိုင်တို့သင်ထားတာက ရှင်းနေတာဘဲ၊ ဖြစ်ပျက်မဆုံးသ၍ လိုက်နေရမယ်. . . (မှန်ပါ့)၊ မလိုက်ရပေဘူးလား. . . (လိုက်ရပါတယ်ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ဖြစ်ပျက်မြင်တော့ ကိုယ်ငြိမ်း, စိတ်ငြိမ်း ဖြစ်တာနဲ့ဘဲ ဟာ- ဖြစ်ပျက်တွေကို မောင်နိုင်တို့က မရှုဘဲ ထား၊ ဒီကိုယ်ငြိမ်း, စိတ်ငြိမ်းကလေး ကျေနပ်လို့ရှိရင်လည်း အဓိဂမပဋိရှုပက-ကွာ. . . သူက နိဗ္ဗာန်လုပ်ပြီးသကာလ ဝင်လာတယ်. . . (မှန်ပါ့)။

ဒီ- ပီတိနှိပ်စက်လို့ သိက္ခာပုဒ်တွေများတော့မှ မောင်နိုင်- ရဟန္တာအဖြစ်နည်းသွားတယ်၊ ဒီ ပီတိတွေဝင်လာ တယ်. . . (မှန်ပါ့)၊ ရိပ်မိကြပလား. . . (ရိပ်မိပါပြီဘုရား)၊ အတုတွေနော်. . . (မှန်ပါ့)။

ဒါ ဘယ်သူ့အတွက် ဟောနေသလဲ. . လို့ ဆိုတာ ဒကာဒကာမတွေက အလုပ်မလုပ်တဲ့ပုဂ္ဂိုလ် ဒီစကားသုံးစရာ ကိုမလိုပါဘူး. . . (မှန်ပါ့)၊ ဒကာကြီးလှိုင် သုံးနိုင်ပါ့မလား. . (မသုံးနိုင်ပါဘုရား)။

ဒီမှာတော့ အားလုံးက အလုပ်လုပ်နေတော့ အတု, အစစ်ရွေးတတ်ဖို့ ဒါ အတုတွေလို့မှတ်ပါ. . . (မှန်ပါ့)။

## နိဗ္ဗာန်အစစ်နဲ့အတုရွေးရမယ်

ကိုပေါ်- မှတ်မိပလား. . . (မှတ်မိပါပြီဘုရား)၊ ဒါတွေအတုတွေနော်. . . (မှန်ပါ့)၊ ဒါတွေ အတုတွေပါ. . ဟဲ တကယ်လို့ ဒကာဒကာမတွေ ကိုယ်က ယောဂီပုဂ္ဂိုလ်တွေ

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်နေတော့ နိဗ္ဗာန်အစစ်နဲ့ နိဗ္ဗာန်အတု ရွေးချင်လို့ရှိရင် ဒီရီကော်ဒါ recorder ကူးယူကြတာပေါ့. . . (မှန်ပါ)၊ ကူးယူလိုက် ဒကာကြီးလှိုင်-ဒါအရေးကြီးတယ်. . . (မှန်ပါ)၊ မကြီးဘူးလား. . . (ကြီးပါတယ်ဘုရား)။

ကိုယ့်ဟာကိုယ်စစ်ဆေးရအောင် မောင်နိုင်-မကောင်းဘူးလား. . . (ကောင်းပါတယ်ဘုရား)၊ ဒီမှာ သုံးခုတောင်သွင်းနေတာဘဲ. . . တဲ့၊ ဒီထဲက ကူးယူလိုက်ရတာဘဲ။

ကဲ. . . ဒါဖြင့် လေးချက်ရှိသွားပြီနော် (မှန်ပါ)၊ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိတွေဝင်ပြီးသကာလ လာပြန်လို့ရှိရင်လည်း ဖြစ်ပျက်လွတ်ပြီး ဩော်- ငါ့ဖြင့် မဂ်ရ-ဖိုလ်ရလိုလို့ ကိုယ်ငြိမ်း, စိတ်ငြိမ်းဖြစ်တာဘဲလို့ ဆိုပြီး ရပ်ပစ်လိုက်တော့ မာနကြီးပြီး ငါ- မဂ်ရပုဂ္ဂိုလ်ဘဲလို့ ထင်ပစ်လိုက်တတ်တယ် . . . (မှန်ပါ)၊ ပြီးတော့ မဂ်စစ်ဟုတ်ကဲ့လား. . . (မဟုတ်ပါဘုရား)။

ဒါဖြင့် အတုက ဝင်ပြီးနှောင့်ယှက်လို့ ကဿပ-ဒီအတုတွေကြောင့် ရဟန္တာအဖြစ်နည်းတယ်၊ ပေါ်ပလား. . (ပေါ်ပါပြီ)။

သိက္ခာပုဒ်များမှ ရဟန္တာအဖြစ်နည်းတယ်ဆိုတာ ဒီအတုတွေက ဖျက်တာဟော့ (မှန်ပါ)၊ ဒကာကြီးလှိုင်-ဒီလောက်အရေးကြီးလို့ဟောနေတယ်ဆိုတာ မပေါ်သေးဘူးလား. . . (ပေါ်ပါပြီဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



ဦးဘကလေး - ဒီအရေးဟာဖြင့် ဖခင်မတန်ကြီးပါတယ်ဆိုတာ မပေါ်သေးဘူးလား . . . (ပေါ်ပါပြီဘုရား)။

## ဒါတွေမလာရင်၊ တရားမမှန်သေးဘူး

ခင်ဗျားတို့အားလုံး အလုပ်သမားတွေ ဆရာ ဒကာရင်းတွေဖြစ်နေတော့ အလုပ်သမားတွေချည့်ဆိုတော့ ဒါက ဒီဆယ်ချက် တစ်ချက်ချက်ကတော့ လာမှာဘဲ . . . (မှန်ပါ့) မလာလဲ မမှန်သေးဘူး . . . (မှန်ပါ့) လာပြန်လည်း မဖယ်တတ်ရင် မမှန်သေးဘူး . . . (မှန်ပါ့) မလာလည်း တရားမမှန်သေးဘူး၊ လာပြန်လည်း မဖယ်တတ်ရင် . . . (မမှန်သေးပါဘုရား)။

အဲဒါက်လေးတွေဟာ နောက်က ဒကာ ဒကာမတွေ ဩော် . . . ချက်ကောင်းပါကလား၊ ဒီဥစ္စာလာလည်း လာမှာဘဲ၊ လာလို့မဖယ်တတ်ပြန်လည်း ဒါနဲ့တင်းတိမ်နေလို့ရှိရင်လည်း အဓိမာနပုဂ္ဂိုလ်၊ အဓိကလွန်တာ၊ မာနကကြီးတာ . . . (မှန်ပါ့) ငါ - မဂ်ပုဂ္ဂိုလ်ဖြစ်ပြီဆိုပြီး ကိုယ့်ဟာကိုယ် မာနကြီးပစ်လိုက်တယ် . . . (မှန်ပါ့)။

မောင်နိုင်- ဘယ်နှစ်ချက်ရှိသွားပလဲ . . . (လေးချက်ရှိသွားပါပြီဘုရား) အရောင်တချက်၊ ပီတိတချက်၊ ဉာဏ်ကြည်တာတချက် . . . (မှန်ပါ့) ဉာဏ်ကခါတိုင်းနဲ့မတူဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ထိုးထိုးထွင်းထွင်းနဲ့ကို သိပစ်လိုက်တယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ) ကိုယ်ငြိမ်း, စိတ်ငြိမ်းဆိုတဲ့ ပဿဒ္ဓိက တချက် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဘယ်နှစ်ချက်ရသွားပလဲ . . . (လေးချက်ရသွားပါပြီဘုရား) လေးချက်ရသွားပြီလို့ မှတ်ထားတာပေါ့နော် . . . (မှန်ပါ့)။

"ပဿဒ္ဓိယာ သုခေစေဝ" တစ်ခါတလေကျတော့ စိတ်ထဲရောကိုယ်ထဲရော မင်း - ချမ်းသာပြီး နေလိုက်တာ သုခက လေးကတစ်ကိုယ်လုံးကို ဆင်းရဲရှာမတွေ့ဘူး၊ ဥဒယဗ္ဗယဉာဏ် ရင့်ကျက်နေတာ ဖြစ်ပျက်တွေမြင်ရင်းမတ္တနဲ့ တစ်ကိုယ်လုံးချမ်းသာသွားတဲ့အခါ လာတတ်တယ် . . . (မှန်ပါ့) သဘောကျပ လား . . . (ကျပါပြီဘုရား)

## တစ်ကိုယ်လုံးချမ်းသာသွားတတ်တယ်

တစ်ကိုယ်လုံးချမ်းသာသွားတဲ့အခါ လာတတ်ပြန်တော့လဲ အင်း . . . ဒါနိဗ္ဗာန်ဘဲဆိုပြီး ယောဂီက ရပ်ပစ်တတ်တယ် (မှန်ပါ့) မရပ်ပါနဲ့၊ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဘာလုပ်ပစ်ရမလဲ သုခကို . . . (ဖြစ်ပျက်ရှုရပါမယ်

www.burmeseclassic.com



ဘုရား) ဖြစ်ပျက်ရှု၊ ကိုယ့်ဖြစ်ပျက်ရင်လည်းပြန်ကောက်၊ သူ့ရင်လည်း ရှုပစ် (မှန်ပါ့)။

ဒကာကြီးလှိုင် - ဒါအဝိဇ္ဇမပဋိရူပကလို့ခေါ်တယ် . . . (မှန်ပါ့) အဝိဇ္ဇမဆိုတဲ့ဥစ္စာ မဂ်ကိုခေါ်တယ်၊ ပဋိရူပက ဆိုတာကတော့ အလားတူ၊ မဂ်နဲ့အလားတူ ဝင်လာတယ် . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

နိဗ္ဗာန်မဂ်တွေကို . . . တဲ့၊ နိဗ္ဗာန်မဟုတ်ဘဲနဲ့ နိဗ္ဗာန် ထင်ရတယ်၊ မဂ်စစ်မဟုတ်ဘဲနဲ့ မဂ်စစ်ဖြစ်လောက်အောင် မောင်အောင်သိမ်း ဝင်လာတာဘဲ . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ဒါမလာလို့ မဖြစ်ဘူး . . . တဲ့၊ တစ်ခုခုလာရမှာဘဲ . . . (မှန်ပါ့) လာပြန်လည်း ဖယ်နည်းရှာနည်းကို ဆရာက သင်ပေးရမယ် . . . (မှန်ပါ့)။

ဒါ့ကြောင့် ဒကာ ဒကာမတို့ ဆရာကင်းလို့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မရနိုင်ဘူးဆိုတာ ဒကာကြီးလှိုင်- ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

ငါ့ဟာ ငါ- အိမ်မှာလုပ်နေ ဘာကိစ္စရှိသတုံးကွ၊ ဘုန်းကြီးဆီက နည်းယူခဲ့တာဘဲဆိုတော့ ဒီလိုခလုတ်တွေ တွေ့လာတဲ့အခါ မဖယ်ရှားတတ်တော့ ဒကာကြီးလှိုင်-ဘယ့် နှယ်တုံး၊ ရနိုင်ပါ့မလား . . . (မရနိုင်ပါဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ဘုရားကိုက ဟောခဲ့တာဆိုတာကော မောင်နိုင် - ကျေနပ်ပလား . . . (ကျေနပ်ပါပြီဘုရား)။

ရှင်မဟာကဿပက မေးလို့ ဘုရားကဒီအတုတွေကြောင့် သိက္ခာပုဒ်များမှ ရဟန္တာအဖြစ် နည်းသွားသကွာ . . . ဆိုတော့ မပေါ်ကြသေးဘူးလား. . . (ပေါ်ပါပြီဘုရား)။

ကဲ . . . ဘယ်နှစ်မျိုးရှိသွားကြပလဲ . . . , (ငါးမျိုးပါ) ဆယ်မျိုးရှိအောင် ပြောပါ့မယ်နော် ဒကာ ဒကာမတို့။

ကဲ . . . ဒါဖြင့် ဒီငါးခုဘဲ ထားပါဦးတော့၊ လာရင် ရှုပစ်ပေါ့ဗျာ. . . (မှန်ပါ့) ကိုယ့်ဖြစ်ပျက် မပျောက်စေနဲ့၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ကိုယ့်ဖြစ်ပျက် မပျောက်စေနဲ့နော်. . . (မှန်ပါ့) စိတ်ထဲမှာ ချမ်းသာလိုက်တာ ဘာချမ်းသာနဲ့မှ မတူဘူးဘုရား. . . ဆိုပေမယ့် ဖြစ်ပျက်မြင်လို့ ချမ်းသာတာရှိသေးတယ်၊ ကိုယ်က ဖြစ်ပျက်လွှတ်ပစ်လိုက်လို့ ဖြစ်ပျက်မရှိဘူးထင်နေတာ. . . (မှန်ပါ့) ချမ်းသာတာဘက် လှည့်သွားလိုက်တယ်. . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒီချမ်းသာတာကလေး ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဘာလုပ်ကြမယ်. . . (ဖြစ်ပျက်ရှုရပါမယ်ဘုရား) သုခကို ဖြစ်ပျက်ရှုပေး၊ ချမ်းသာတာ သုခခေါ်တယ်နော်. . . (မှန်ပါ့) အဲဒီသုခ ဘာလုပ်ကြမယ်. . . (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပျက် ရှုပစ်လိုက်တာပေါ့ မောင်နိုင်-နော်. . . ဖြစ်ပျက်ရှုပြီးမှ သူ့ဟာသူ သူ့မဂ်ကလေးနဲ့ သူ သွားတာပေါ့. . (မှန်ပါ့) သဘောပါပလား. . . (ပါပါပြီ) ဒါဘာတုံးဆိုတော့ တရားတုခေါ်တယ်. . . (မှန်ပါ့) ဒကာကြီးလှိုင် ဘာခေါ်မလဲ. . . (တရားတု ခေါ်ပါမယ်) မဂ်တု နိဗ္ဗာန်တုတွေ. . . (မှန်ပါ့) ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ဘာလာတာပါလိမ့်. . . (နိဗ္ဗာန်တုပါဘုရား) အဲ. . . နိဗ္ဗာန်လို့လည်း သူက လိမ်ချင်လိမ်တယ် ကိုမြင့်ရဲ့. . . (မှန်ပါ့) မဂ်စစ်လို့လည်း (လိမ်ပါတယ်ဘုရား) အဲဒါ အတုမဟုတ်ဘူးလား. . . (ဟုတ်ပါတယ်ဘုရား) ဒကာကြီးလှိုင် ကျေနပ်ပလား. . . (ကျေနပ်ပါပြီဘုရား)။

ဩော်. . ဒီဉစ္စာ ဒီဆရာဘုန်းကြီးကမှ ခင်ဗျားတို့ကို လည်လည်ပယ်ပယ်နဲ့ ဒီအန္တရာယ်တွေ တွေ့ပါလိမ့်မယ်၊ တွေ့တဲ့အခါ ဖယ်ရှားပါဆိုတာ မသင်လိုက်ရင် ဘယ်သူက လာသင်မှာတုံး. . . (မှန်ပါ့)။

ဒါနဲ့ဘဲ တင်းတိမ်ပြီးသကာလ. . . ဦးဘကလေး ငါတော့ သေချာပြီဆိုချင် ဆိုပစ်လိုက်မယ်. . . (မှန်ပါ့) ဆင်ချင်ကော. . (ထင်ပစ်လိုက်ပါမယ်ဘုရား) ထင်ပေမယ့် သို့ ဉာဏ်ကတော့ ဥဒယဗ္ဗယဉာဏ်ဘဲ ရှိသေးတယ်. . .



www.burmeseclassic.com

www.burmeseclassic.com



(မှန်ပါ) ယထာဘူတဉာဏ်ဘဲ ရှိသေးတယ် . . . (မှန်ပါ) နိဗ္ဗိန္ဒဉာဏ်တောင် မပါသေးဘူး . . . (မှန်ပါ)။

ခုနင်က ဖြစ်ပျက်အဆုံးမြင်တဲ့ မဂ်ဉာဏ်ကော ပါပလား . . . (မပါသေးပါဘုရား) ကဲ . . . ဒကာကြီးလှိုင် ဒီနားတွင် ကန့်လန့်ဖြစ်နေတယ် . . . (မှန်ပါ)။

ဘာဖြစ်လို့တုံးလို့ မေးတဲ့အခါကျတော့ တရားတုံ ဝင်နှိပ်စက်ပြီ . . . (မှန်ပါ) မဂ်တုလာပြီးတော့ . . . (နှိပ်စက် ပါပြီ) ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီဥစ္စာမောင်နိုင် မဟောရင် တော်ပါ့မလား . . (မတော်ပါဘုရား)။

နောက်က ဒကာဒကာမတွေ အလုပ်သမားတွေ ဖြစ်နေတော့ ဆရာသမားမပြောလို့ရှိရင် ဒီဥစ္စာက တော်တော့ကို ခဲယဉ်းတယ် . . . (မှန်ပါ)။

အခုတော့ ဝတ္ထုသက်သေသာဓကနဲ့ လုံလောက် ပလား (လုံလောက်ပါပြီဘုရား)။

သိက္ခာပုဒ်တွေ နည်းတုန်းကတော့ဘုရား၊ ရဟန္တာ ဖြစ်လိုက်တာများလိုက်တာ . . . (မှန်ပါ) သိက္ခာပုဒ်တွေ များလာမှ ရဟန္တာအဖြစ်နည်းတာ အရှင်ဘုရား . . . ဒါ အဓိပ္ပါယ်ရှိမှ ဖြောင်းမယ်လို့ ရှင်မဟာကဿပက မေးရှာ တယ် . . . (မှန်ပါ)။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ အခုပြောခဲ့တဲ့ ဥဒယဗ္ဗယနေရာမှာ တရားတု ဝင်နှိပ်စက်နေတယ်ကွာ. . . (မှန်ပါ့) ဒကာကြီးလှိုင် ဘယ်နေရာ နှိပ်စက်နေတာတုံး. . . (ဥဒယဗ္ဗယနေရာမှာ ပါဘုရား)။

## (၅) ဉာဏ်ခါတ်အကြည်ကလေးလာတယ်

အဲ. . . ဥဒယဗ္ဗယဆိုတဲ့ဥစ္စာ ဦးဘကလေးက မှတ်ထား၊ ဖြစ်ပျက်မြင်နေတုန်းလာတယ် (မှန်ပါ့) ဖြစ်ပျက်မြင်နေတုန်း ဉာဏ်ဓာတ်အကြည်ကလေးလာ တယ်. . . (မှန်ပါ့) ဉာဏ်က မဂ်ဉာဏ်လည်းမဟုတ်သေးဘူး၊ ဝိပဿနာဉာဏ်ကနေ လုပ်တယ်. . . (မှန်ပါ့)။

ဒါနဲ့ တစ်ခါတလေများ ဒီ-သုခ ချမ်းသာနေလိုက်တာ များ အားလုံး ဒကာဒကာမတွေ မှတ်ထား၊ အို. . . နတ်စည်းစိမ်နဲ့ မလဲနိုင်ဘူးဆိုတာတောင် လာတယ်. . . (မှန်ပါ့) ဦးဘကလေး ဒီလောက်ထိအောင်လာတယ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

နတ်စည်းစိမ်ထက် ချမ်းသာသေးတယ်၊ ဒီအခု စိတ်ထဲ ချမ်းသာနေလိုက်တာ ဖြစ်ပျက်ကလေးတွေ ရှုပြီး ချမ်းသာလုံးကလေးနဲ့ ကိုယ့်မှာ နေလိုက်ရတာတဲ့၊ သူ့မှာ ဖြစ်ပျက်ကတော့ မရှိတော့ဘူး၊ ချမ်းသာတဲ့ဘက် သူ့ဉာဏ်က

www.burmeseclassic.com

www.burmeseclassic.com



လှည့်သွားပြီ. . . (မှန်ပါ့) ချမ်းသာတဲ့ဘက် နှစ်သက်တဲ့ဆီ ရောက်သွားပြီ၊ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)

ချမ်းသာပြီးတော့ နှစ်သက်တတ်တဲ့ဘက် ဆိုက်သွားတော့ကို မဂ်စစ်ကော ဟုတ်ကဲ့လား. . . (မဟုတ်ပါဘုရား) နိဗ္ဗာန်စစ်ကောမြင်ရပလား. . . (မမြင်ရသေးပါဘုရား)။

မမြင်ရသေးဘဲနဲ့ သူ့စိတ်ထဲမှာ တစ်ခါတည်း ဒါငါ တော့ဖြင့် သောတာပန်ဖြစ်ပြီဟေ့. . . ဆိုပြီး အဓိမာနနဲ့ ရပ်နေလိုက်တာ. . . (မှန်ပါ့)။

မဂ်ဟာ တစ်ကြိမ်ပေါ်တာဘဲ၊ တော်ရောပေါ့၊ သေပျော်ပြီ၊ ဒကာကြီးလှိုင် ဒီလိုအဓိမာန အဓိကလွန်တာ၊ မာနကကြီးတာပေါ့ဗျာ. . . (မှန်ပါ့) အဲဒီမာနတွေနဲ့ အချိန် ကုန်ပြီးသကာလ နစ်နာတတ်တယ်. . . (မှန်ပါ့) ရဟန္တာ ဖြစ်သေးရဲ့လား. . . (မဖြစ်ပါဘုရား) သောတာပန်, သက ဒါဂါမ်ကော. . . (မဖြစ်ပါဘုရား)။

ဒါ ဘာနှိပ်စက်တာတုံး. . . မောင်နိုင်. . (တရားတု နှိပ်စက်တာပါဘုရား)။

အဲ. . . တရားတု နှိပ်စက်တာဆိုတော့ အဓိဂမပဋိ ရူပကဘဲ၊ အဓိဂမဆိုတာက နိဗ္ဗာန်၊ သဘောကျပလား. . . (ကျပါပြီ) အဓိဂမဆိုတာက မရဘူးသေးတာကို ရတာနဲ့ ဒါ နိဗ္ဗာန်ဘဲလို့ ယူပစ်လိုက်တယ်. . . (မှန်ပါ့)။

www.burmeseclassic.com

www.burmeseclassic.com



မရသေးတာရှိတာနဲ့. . . (နိဗ္ဗာန်လို့ ယူပစ်လိုက်ပါတယ်ဘုရား) နိဗ္ဗာန်လို့ ယူပစ်လိုက်တော့ နိဗ္ဗာန်တု သွားဖြစ်တယ်. . . (မှန်ပါ့) အဲ. . . သူ့မှာလည်း မဂ်ဉာဏ်ဟာ အတုသွားဖြစ်တယ်. . . (မှန်ပါ့) မဖြစ်ဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

အဲ. . . မောင်နိုင်. . . ဒီဥစ္စာ ပြောရလိမ့်မယ်. . . မှန်ပါ့) ဒကာဒကာမတွေ မဟောရပေဘူးလား. . . (ဟောရပါတယ်ဘုရား)။

ဟောရမယ်. . တဲ့ ဒါကို၊ ခုလပ်တွင် ပြန်ပြီးသကာလ လာတော့ ဒီဥစ္စာက မြဲသေးတဲ့ ဝိပဿနာမှ မဟုတ်ဘဲ. . . (မှန်ပါ့) ကိုမြင့် လျှောကျတယ်. . . (မှန်ပါ့)။ ဦးပုကြီးတို့ သေသေချာချာမှတ်ပါနော် (မှန်ပါ့) နောက်က ဒကာဒကာမ တွေကော. . . (မှတ်ပါတယ်ဘုရား)။

မှတ်ရမယ်နော်. . . (မှန်ပါ့) အေး သေသေချာချာ မှတ်ရမယ် ဒီဥစ္စာ၊ ဒကာကြီးလှိုင်. . . အလုပ်သမားမှာဖြင့် အဓိဂမပဋိရူပကဆိုတဲ့ဥစ္စာတဲ့ အင်မတန်အရေးကြီးပါတယ် တဲ့. . . နော်. . . (မှန်ပါ့ဘုရား)။ မောင်နိုင် ဘယ်နှစ်ခု ရှိသွားပလဲ . . . (ငါးခု ရှိသွား ပါပြီဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



## (၆) သိပ်ပြီးယုံကြည်မှုလာတတ်တယ်

"အဓိမောက္ခေ စ ပဂ္ဂါဟော. . ." အဓိမောက္ခဆိုတာ လည်း လာတတ်သေးတယ်တဲ့. . . (မှန်ပါ့)။

အို. . . ဘုရားအပေါ် ယုံကြည်လိုက်တာ ကျုပ်ဖြင့် ဘယ်လိုကြည်ညိုနည်းနဲ့ ကြည်ညိုမှန်းမသိဘူး၊ သိပ်ယုံကြည် တာဘဲဆိုပြီး ဖြစ်ပျက်မြင်တုန်း ယုံကြည်တဲ့ သဒ္ဓါဆုံးဖြတ် ချက်ချတာ အကြီးအကျယ်လာတတ်သေးတယ်. . . (မှန်ပါ့)။

အဲဒါလည်း မောင်နိုင်က မှတ်လိုက် အဓိမောက္ခလို့ (မှန်ပါ့ဘုရား)။

သူလည်းမတင်းတိမ်လိုက်ပါနဲ့. . . (မှန်ပါ့) မတင်းတိမ်လိုက်ပါနဲ့ သူလည်း သဒ္ဓမ္မပဋိရူပကပါဘဲတဲ့၊ မဂ် တုလာတယ်၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဘာတဲ့တုံး. . . (မဂ်တုပါဘဲဘုရား) မဂ်တုပါဘဲတဲ့ ဆုံးဖြတ်ချက် ချလိုက်ပါ. . (မှန်ပါ့) ကေန့်ဘဲ ဒီဘုရား. . . ကြည်ညိုတာ ကျုပ်တို့အရင် ကြည်ညိုပုံနဲ့ မတူဘူးဆိုပြီး ဥဒယဗ္ဗယဉာဏ်ပေါ်လာတဲ့ကြည်လိုးကလေးဟာပေါ့လေ (မှန်ပါ့) အဲဒီအဓိမောက္ခကလေးဟာလည်း အဓိဂမပဋိရူပက ဆိုတာလည်းတဲ့ မဂ်တုကလေးအဖြစ်နဲ့ ဝင်လာလို့ ဒကာ ဒကာမတွေက ဒီဥစ္စာကို ငါမဂ်စစ်ရပြီလို့ မာနမကြီးလိုက် ပါနဲ့. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



## (၇) သတိပို့ကောင်းလာတတ်တယ်

"ဥပဋ္ဌာနေစ ကမ္မတိ" သတိကလည်း မောင်နိုင် ဒို့ဖြစ်ပျက်တွေရှုနေတဲ့ သတိက အရင်သတိမျိုး မဟုတ်ဘူး၊ နည်းနည်းမှ မလွတ်တဲ့ သတိတွေ တစ်ခါတည်း လာလိုက်တဲ့ အခါကျတော့ အို. . . ဒါဟာ မင်္ဂဉာဏ်မို့ ဒီလောက်ထက် တာဘဲလို့လည်း ကိုယ့်စိတ်ထဲမှာ ထင်သွားတတ်တယ်. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

မဂ်ဉာဏ်မို့ ဒါလောက်ထက်တာဘဲ. . . လို့ ကိုယ့်စိတ်ထဲမှာ ထင်သွားပြန်လို့ရှိရင်လည်း ခုနင်က အဓိဂမပဋိရူပက၊ အဓိဂမဆိုတာ မရဘဲနဲ့ရတယ်၊ ပဋိရူပက ဆိုတာကအလားတူ. . . (မှန်ပါ့)၊ အလားတူကို အစစ်ထင် တတ်တယ်၊ ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။

ဘာထင်ပါလိမ့်. . . (အလားတူ ထင်တာပါဘုရား)။

ဒါဖြင့် မြန်မာလိုပြောကြစို့ ဒင်္ကာဒင်္ကာမတို့ အတုကို အစစ်ထင်တယ်. . . (မှန်ပါ့ဘုရား)။

ဒင်္ကာကြီးလှိုင် ပေါ်ပလား. . . (ပေါ်ပါပြီဘုရား) အတုကိုအစစ်ထင်တာဆိုတာ ရှင်းကြပလား. . . (ရှင်းပါ ပြီ)။

အေး. . . ဒါကြောင့် ဒါကမောင်နိုင်တရား ထပ်ပြော တယ်လို့ မောင်နိုင် အယူမရှိပါနဲ့နော်. . . (မှန်ပါ့) အလှ

www.burmeseclassic.com



သမားမှာမှ ပေါ်တာ. . . (မှန်ပါ့) အလုပ်မလုပ်တတ်တဲ့ လူမှာ ဒါကလည်း ပေါ်ရိုးထုံးစံမရှိဘူး. . . (မှန်ပါ့)။

ကိုပေါ်. . . (မှန်ပါ့အလုပ်မလုပ်တဲ့လူမပေါ်ပါဘုရား) မပေါ်ရင်လည်း မဖြစ်ဘူးတဲ့. . . (မှန်ပါ့)။

မပေါ်ရင်. . . (မဖြစ်ပါဘုရား)။

မပေါ်ရင်တော့ ကိုယ်လုပ်တာ မမှန်သေးလို့. . . (မှန်ပါ့) မှန်လို့ပေါ်တာလား. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီ)။

BURMESE CLASSIC

ကိုယ်လုပ်တာ မမှန်သေးရင် ဒီဆယ်ခု တခုခုကို မပေါ်ဘူး (မှန်ပါ့) ပေါ်လည်းပေါ်ရမယ်၊ ဖယ်လည်း ဖယ်တတ်ရမယ်. . . (မှန်ပါ့) ဒကာဒကာမတို့ ဘယ်လိုတဲ့ (ပေါ်လည်းပေါ်ရမယ်၊ ဖယ်လည်းဖယ်တတ်ရပါမယ်ဘုရား) ဖယ်တတ်ရမယ်ဆိုတာ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

အေး. . . ဒါကြောင့် ဒီနေ့တရားမှာဖြင့် ဩော်. . . တော်တော်ကူညီတဲ့တရားပါကလား၊ ဒို့မှာ မဟုတ်ဘဲနဲ့ အထင်ကြီးနေပြန်လို့ရှိရင်လည်း ဒို့. . . တစ်ဘဝနစ်နာသွားမယ်. . . (မှန်ပါ့) မဆိုထိုက်ဘူးလား. . . (ဆိုထိုက်ပါတယ်ဘုရား)။

တကယ်. . . သူပေါ်လို့ရှိရင် ရှေ့မဂ်စစ်ရတော့မှာကိုး. . . (မှန်ပါ့) မဂ်တုက ဝင်ပြီးသကာလ ဒကာဒကာ

www.burmeseclassic.com

www.burmeseclassic.com



မတွေ့ စိတ်ဖြေဖျောက်ပစ်လိုက်တော့ နစ်နာမသွားဘူးလား (နစ်နာပါတယ်ဘုရား)။

ကဲ. . . ရမည့်ဘဝကြီးမှာ အတုက ဝင်နှိပ်စက်လို့ အတုတွင်ရပ်လိုက်တော့ အစစ်ရောက်သေးရဲ့လား. . . (မရောက်ပါဘုရား) အဲဒီမှာ မနစ်နာဘူးလား. . . (နစ်နာပါတယ်ဘုရား)။

ဟော့. . . မောင်ခင်မောင်တို့ သေသေချာချာ မှတ်ရမယ်. . . (မှန်ပါ့) မမှတ်ထိုက်ဘူးလား. . . (မှတ်ထိုက်ပါတယ်ဘုရား)။

လုပ်ရမှာကွဒါတွေ. . . (မှန်ပါ့) အခုဆရာ ဘုန်းကြီးက ဒါတွေ ဖြစ်ပျက်ရှုပစ်လိုက်ကွ. . . (မှန်ပါ့)။

ဘာတဲ့တုံး မောင်နိုင်. . . (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ရှုပစ်ပါတဲ့၊ ဖြစ်ပျက်ရှုပြီးသကာလ ဒကာဒကာမတွေ တက်မြဲတိုင်း တက်သွား၊ ဘုန်းကြီးသင်ထားတဲ့အတိုင်းနော် (မှန်ပါ့) မုန်းဉာဏ်တွေဘာတွေ လာလိမ့်မယ်၊ ဥပေက္ခာဉာဏ်တွေကော. . . (လာပါတယ်ဘုရား) ဆုတ်နစ်တဲ့ ဉာဏ်တွေကော (လာပါတယ်ဘုရား)။

အဲ. . . ကိုယ့်ဟာကိုယ် တစ်ခါတည်း ဒါဆရာသမားပြောတဲ့ အတိုင်း ဒီနားကို ဒါ-အတုတွေဘဲဆိုတာ ကိုယ့်တိုင်

www.burmeseclassic.com


သိပြီး သကာလ ဒကာဒကာမတွေက ဒါတွေ ဖြစ်ပျက် ရှုပေး . . (မှန်ပါ့) မရှုချင်လို့ရှိရင်လည်း သူ့ကို ဂရုမစိုက်နဲ့၊ ကိုယ့်ဖြစ်ပျက်နဲ့ကိုယ်နေလိုက်၊ သူ့ဟာသူ ပျောက်သွား လိမ့်မယ် . . . (မှန်ပါ့) ပေါ်ကြပလား . . . (ပေါ်ပါပြီ ဘုရား)။

**ကိုယ့်ဖြစ်ပျက်နဲ့ကိုယ်နေရင် . . .** (သူ့ဟာသူ ပျောက် သွားလိမ့်မယ်ဘုရား) သူ့ဟာသူ ပျောက်သွားမယ်ဆိုတော့ မောင်နိုင်-ဩဘာသေ စေဝ ဉာဏော စ၊ ပီတိယာ စ ဝိကမ္ပတိ၊ ပဿဒ္ဓိယာ သုခေ စေဝ၊ ယေဟိ စိတ္တံ ပဝေဓတိ အဝိမောက္ခ စ ပဂ္ဂါဟော- ဒီအဝိမောက္ခပါသွားပြီ (မှန်ပါ့) ဆုံးဖြတ်ချက်ချ တာ မဂ်အစစ်၊ တရားအစစ်လို့ ဆုံးဖြတ်ချက်ချတာတွေ ပါသွားပြီ . . . (မှန်ပါ့)။

BURMESE CLASSIC

## (၈) ဝီရိယကလည်းကြီးမားလာတယ်

ပဂ္ဂါဟော-ဆိုတာ ဝီရိယကလည်း အံမာလေး . . . ဒီ ဖြစ်ပျက်မြင်တဲ့ ဉာဏ်နေရာမှာ အားထုတ်နေတဲ့ ဝီရိယက လည်း ရှေးကဝီရိယမျိုးက မဟုတ်တော့ ရှုလိုက်တယ်ဆို ဉာဏ်နဲ့တွဲတွဲပြီးထွက်တဲ့ ဝီရိယကလည်း တကယ့်ကို မလှုပ်ရှားနိုင်တဲ့ ဝီရိယပေါ့လေ . . . (မှန်ပါ့) ဝင်ပြီးသကာ လ လာတော့ ဩော် . . . ဒီဝီရိယမျိုး ငါ ပုထုဇဉ်တုန်းက

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ မဖြစ်ဘူး-ဘူး၊ အခုအချိန်မှ တွေ့လာတဲ့ ဝီရိယ၊ ဘုရားရဟန္တာများဖြစ်တဲ့ ဝီရိယဘဲဆိုပြီး ဒီဝီရိယကလည်း အကြီးစား ဝီရိယဖြစ်နေတော့ ဒါဟာ သမ္မာဝါယမမဂ္ဂင် အစစ်ဘဲ ထင်ချင်ထင်ပစ်တယ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

စင်စစ်တော့ ဖြစ်ပျက်မြင်လို့ပေါ်တာ. . . (မှန်ပါ့) ရှင်းကြပလား. . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီဝီရိယကိုလည်း ဘုန်းကြီးတို့ ဒကာဒကာမတွေက ဘာလုပ်ရဦးမလဲ. . . (ဖြစ်ပျက်ရှုပစ်ရပါမယ်ဘုရား) ဖြစ်ပျက်ရှု၊ သူ့ကိုမရှုချင်ရင် ကိုယ့်နဂိုရ်ဖြစ်ပျက်ပြန်ရှု. . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

မောင်နိုင်-ဘယ်နှစ်ချက်ရှိသွားပလဲ. . . (ရှစ်ချက်ရှိသွားပါပြီဘုရား) ရှစ်ချက်ရှိသွားပြီနော်. . . (မှန်ပါ့)။

ကိုင်း. . . နောက်တခါ ပေါ်လာမှာကတော့ ဒါ ရှစ်ချက်ဟာ ရှစ်ချက်စလုံး ပေါ်လိမ့်မယ်လို့ ဆရာဘုန်းကြီးက ပြောတာမဟုတ်ဘူး၊ တခုခုပေါ်လိမ့်မယ်ပြောတာ. . . (မှန်ပါ့) သဘောကျကြပလား. . (ကျပါပြီဘုရား)။

ရှစ်ချက်စလုံး ပေါ်မှာလား၊ တခုခုပေါ်မှာလား. . . (တခုခုပေါ်မှာပါဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပျက်မြင်နေတုန်း . . ဒီဆယ်ခုထဲက တခုခု ပေါ်လိမ့်မယ်ဆိုတာ သေသေချာချာမှတ်ပါ . . . (မှန်ပါ့)။

ကိုင်း . . . ဒါနဲ့ဘဲ ဒကာဒကာမတို့ ရှစ်ခုဆိုတော့ နှစ်ခုလိုသေးတယ် . . . (မှန်ပါ့)။

## (၉) ဥပေက္ခာသဘောလာတယ်

တဇြမဇ္ဈတ္တတာ . . . ဆိုတဲ့ဥစ္စာ ပေါ်သေးတယ် . . . (မှန်ပါ့) ဥပေက္ခာသဘော လာပေါ်တယ်။

အို . . . ဖြစ်ပျက်ကလေးတွေ ကိုယ့်စိတ်မှာ တန်းတန်း, တန်းတန်း, တန်းတန်းပြီးသကာလ သူ့ကို သာလည်းမသာယာဘူး၊ ပြစ်မှားတဲ့ ဒေါသလည်း မလာဘူး၊ ဒီဖြစ်ပျက်ကလေးတွေကိုပေ့ါလေ . . . (မှန်ပါ့)။

ဒကာကြီးလှိုင်-ဖြစ်ပျက်ကလေးတွေကို သာယာပြစ်မှားမှုကင်းပြီး မြင်နေတဲ့အခါကော မရှိဘူးလား . . . (ရှိပါတယ်ဘုရား) အဲဒီလိုရှိပြန်တော့လည်း ဒါတဇြမဇ္ဈတ္တတာဆိုတဲ့ စေတသိက်ကဝင်ပြီးသကာလ သူကမဂ်ဝင်လုပ်နေတယ် . . . (မှန်ပါ့) မဂ်ဉာဏ်ဝင်လုပ်နေတယ်၊ သဘောပါပလား . . . (ပါပါတယ်ဘုရား) စင်စစ်တော့ဖြင့် လျစ်လျူရှုတဲ့သဘောပါဘဲ . . . (မှန်ပါ့)။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ မောင်နိုင်တို့က ဒါမဂ်မဟုတ်သေးဘူးတဲ့ အမြင်ကတော့ဖြင့် သိပ်ရှင်းတာဘဲ. . . (မှန်ပါ) သာယာမှု, ပြစ်မှားမှုကင်းပြီးတော့ မြင်တာဘဲ. . . (မှန်ပါ) သဘောပါ ပလား. . . (ပါပါပြီဘုရား) သာယာမှု, ပြစ်မှားမှုရှိသေးရဲ့ လား. . . (မရှိပါဘုရား)။

အဲ. . . သာယာမှု, ပြစ်မှာမှုကင်းပြီးသင်္ကာလ မြင်နေတဲ့ အမြင်ဘဲဆိုတာတော့ ဟုတ်တယ်၊ ဟုတ်ပင် ဟုတ်ငြားသော်လည်း သခီရာဘက် သူလှည့်နေတယ်. . . (မှန်ပါ) မလှည့်ဘူးလား. . . (လှည့်ပါတယ်ဘုရား) နိဗ္ဗာန် ဟုတ်သလား. . . (မဟုတ်သေးပါဘုရား)။

အဲဒါကလေး လာတာကိုဘဲ ဒကာဒကာမတွေက ဆရာသမားက ဒီတရားတုကို ဖယ်တဲ့နည်း သတိမပေးလို့ ရှိရင် အို. . . စိတ်စဉ်တွေ တန်းပြီးသင်္ကာလမြင်နေတာ မဂ်ဘဲလို့ဆိုပြီး ရပ်ပစ်လိုက်တတ်တယ်. . . (မှန်ပါ) တကယ် မဂ်စစ် ဟုတ်ကဲ့လား. . . (မဟုတ်ပါဘုရား)။

မဟုတ်သေးခင်မှာ. . . တဲ့ ဒကာဒကာမတွေ ရပ်စဲ ပစ်လိုက်လို့ရှိရင် ဒီမှာ အဓိမာနလွန်တဲ့မာနနဲ့ဘဲ ကျန်နေ ရစ်ပြီး သင်္ကာလ သောတာပန်, သကဒါဂါမ်, အနာဂါမ်, မဖြစ်နိုင်သေးဘူး. . . (မှန်ပါ) မကန့်ကွက်လည်း မဖြစ်ဘူး (မှန်ပါ) ကန့်ကွက်လည်း ဖယ်ရှားရမယ်. . . (မှန်ပါ)။

www.burmeseclassic.com

www.burmeseclassic.com



မကန့်ကွက်လို့ရှိရင်လည်း ဥဒယဗ္ဗယဉာဏ်ဟာ. . တဲ့၊ မလာသေးတာ သေချာတယ်. . . (မှန်ပါ့) ဒီဆယ်ခု တခုခုလာမှ ဥဒယဗ္ဗယဉာဏ်ကလည်း မှန်တယ်. . . (မှန်ပါ့) ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

မဖယ်လိုက်လို့ရှိရင်လည်း ဒီတွင် တင်းတိမ်နေလို့ ရှိရင်လည်း မဂ်တုက မဂ်စစ်လုပ်ပြီးသကာလ လှည့်စား လိုက်တာဘဲ. . . (မှန်ပါ့) ဒကာကြီးလှိုင်-ပေါ်ပလား. . . (ပေါ်ပါပြီဘုရား) ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

အဲဒီမှာ ဒါက ဥပေက္ခာထားတာနော်. . . (မှန်ပါ့) စိတ်ကလေးတွေ သွှဟာသူဖြစ်၊ သွှဟာသူပျက်နေတာ ကလေးတွေ ကိုယ်က ထိုင်ပြီးသကာလ ကြည့်နေတော့ အို. . . ဒီဉာဏ်မျိုး ဘယ်တော့မှ မရဘူး-ဘူး၊ ဒါ မဂ်ဉာဏ် ဘဲလို့ဆိုပြီးသကာလ မောင်နိုင်-ရပ်စဲပစ်လိုက်တတ်တယ်. . (မှန်ပါ့)။

ဒါ-ရပ်စဲရမှာလား၊ မရပ်စဲရဘူးလား. . . (မရပ်စဲ ရပါဘုရား) မရပ်စဲရဘူးဆိုတာ ကိုညွှန့်တို့ပေါ်ပြီ. . . (ပေါ်ပါပြီဘုရား)။

ဘယ်မှာ သူ-နိဗ္ဗာန်ကို တွေ့တာမှ မဟုတ်ဘဲ၊ ဖြစ်ပျက်တွေ တန်းနေတာကို သူသာယာမှု၊ ပြစ်မှားမှုကင်း ပြီး ကြည့်နေတာရှိသေးတာဘဲ. . . (မှန်ပါ့) ပေါ်ကြပလား

www.burmeseclassic.com

www.burmeseclassic.com



(ပေါ်ပါပြီဘုရား) ကိုင်း. . . ဒါဖြင့် ကိုးချက်ရသွားပြီ. . . (မှန်ပါ့)။

## (၁၀) နှစ်သက်ခြင်းလာတတ်တယ်

နောက်ကျတော့ နိကန္တိဆိုတာ လာတတ်သေးတယ်၊ နိကန္တိဆိုတာ တဏှာဘဲ. . . (မှန်ပါ့)။

တဏှာက ဘယ်လိုဖြစ်လာသတုံးဆိုတော့ အို. . . ဒါ ငါ့အရောင်ဘဲ၊ နှစ်သက်ပစ်လိုက်တယ်၊ ခန္ဓာကိုယ်က အရောင်ထွက်လာရင်လေ. . . (မှန်ပါ့) ဟာ. . . ဒါ ငါ့မဂ်ဘဲ၊ ခုနင်ကဟာတွေကိုပေါ့လေ. . . (မှန်ပါ့) ဒါငါ့မဂ် တွေဆိုတဲ့ နိကန္တိနှစ်သက်မှု၊ ခုနင်က ကိုးခုတွေကို သူကမနှစ် သက်လိုက်ပေဘူးလား. . . (နှစ်သက်လိုက်ပါတယ်ဘုရား) အဲဒီနှစ်သက်တော့ နှစ်သက်တာက တဏှာတဲ့၊ သူလည်း လာတတ်တယ်. . . (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ဆယ်ခုမပြည့်သေးဘူးလား. . . (ပြည့်ပါပြီဘုရား) ဆယ်ခုပြည့်သွားတော့ အဲဒီဆယ်ခုထဲမှာအဲ ကိုးခုကတော့ ကို. . . တဲ့၊ ဖယ်လိုက်ပြီးတာပါဘဲ. . . (မှန်ပါ့) နောက်ဆုံး ပိတ် နှစ်သက်တဲ့တစ်လုံးဟာ အဆိုးဆုံးအဲ. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



ဒါဖြင့် နှစ်သက်တဲ့တစ်လုံးကိုလည်း ဦးဘကလေးတို့က ဖြစ်ပျက်ရှုပေး. . . (မှန်ပါ့) ကိုယ့်စိတ်ထဲ မရပ်နဲ့. . . (မှန်ပါ့) ဒီတွင်တင်းတိမ်မနေနဲ့ပြောတာ. . . (မှန်ပါ့)။

အဓိဂမဆိုတာ မဂ်ဖိုလ်ကိုပြောတာ၊ ပဋိရူပကဆိုတာ အတုအယောင်ကိုပြောတာ. . . (မှန်ပါ့)၊ အလားတူဖြစ်နေတဲ့ ဥစ္စာ မဂ်နဲ့ အလားတူဖြစ်နေတာကို မရဘဲနဲ့ ရတယ်ထင်သည်၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## မရပဲနဲ့ရတယ်ထင်တတ်တယ်

မရဘဲနဲ့ ရတယ်ထင်တာကို အဓိဂမ ပဋိရူပကလို့ ခေါ်ပါတယ်. . . (မှန်ပါ့) မြန်မာလိုပြန်လိုက်တော့ မဂ်စစ်မဟုတ်ဘဲနဲ့ မဂ်စစ်ထင်တာ. . . (မှန်ပါ့) ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

မြန်မာလိုပြန်လိုက်တော့. . . (မဂ်စစ်မဟုတ်ဘဲနဲ့ မဂ်စစ်ထင်တာပါဘုရား) မဂ်စစ်မဟုတ်ဘဲနဲ့ မဂ်စစ်ထင်တဲ့ သဘော ဝင်ပါတယ်ကွာ. . . (မှန်ပါ့) သဘောကျပလား. . (ကျပါပြီဘုရား)။

အဲဒီတော့ ဒါဘာတုံး. . . လို့ မေးလို့ရှိရင်ဖြင့် အတုဘဲ. . . (မှန်ပါ့) ဒကာကြီးလှိုင်. . . (အတုပါဘုရား) အဲဒီအတုတွေကြောင့် သိက္ခာပုဒ်နည်းတုန်းကတော့ ရဟန္တာ

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်များတယ် (မှန်ပါ့) သိက္ခာပုဒ်များလာတဲ့အခါကျတော့ ဒီအတုတွေ နှိပ်စက်တာနဲ့ဘဲ ဒီအတုတွေ မခွဲခြားတတ်တာနဲ့ ရဟန္တာအဖြစ်နည်းသွားတယ်၊ သောတာပန်တောင် မတည်တော့ဘူး (မှန်ပါ့) ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

သောတာပန်တောင်. . . (မတည်ပါဘုရား)။

ဘာဖြစ်လို့တုံး. . . ဒီဥဒယဗ္ဗယတွင်ဘဲ လမ်းဆုံးတယ် (မှန်ပါ့) ဥဒယဗ္ဗယနဲ့ဘဲ သူ-မဂ်ရပြီ၊ ဖိုလ်ရပြီလို့ ထင်ကြလို့. . . (မှန်ပါ့) ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီအတုတွေဘာလုပ်ကြရမလဲ. . . (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

## ဆယ်ခုထဲကတစ်ခုခုလာရမယ်

ဒီဆယ်ခုထဲက တစ်ခုခုလာမှာလား၊ မလာဘူးလား . . . (လာပါတယ်ဘုရား) မလာသေးလည်း မမှန်သေးဘူးတဲ့ . . . (မှန်ပါ့) လာပြန်လည်း ဖယ်ရှားတတ်မှ အထက်မဂ်ရမယ်. . . (မှန်ပါ့)။

မလာရင်လည်း. . . (မမှန်သေးပါဘုရား) ဥဒယဗ္ဗယ ဖြစ်ပျက်ကို မြင်တယ်ဆို ဒီဆယ်ခုထဲက တစ်ခုခုတော့

www.burmeseclassic.com

www.burmeseclassic.com



လာရမယ်. . . (မှန်ပါ့) အကုန်လာတယ်လို့ မပြောဘူးနော် . . . (မှန်ပါ့)။

ဒကာကြီးလှိုင် အကုန်လာရဲ့လား. . . (မလာပါဘုရား) ဘယ်လောက်လာရမလဲ. . . (တစ်ခုလာရပါမယ်ဘုရား)။

တစ်ခုလာရမယ်၊ အဲဒီတစ်ခုကိုလည်း ခင်ဗျားတို့က ဖယ်ရှားရမယ် (မှန်ပါ့) ဖယ်ရှားပြီး ဖြစ်ပျက်ဘဲပြန်ကောက်. . (မှန်ပါ့)။

ဒကာဒကာမတွေ ဘာပြန်ကောက်ရမယ်. . . (ဖြစ်ပျက်ပြန်ကောက်ရပါမယ်ဘုရား)။

## ဆုံးအောင်လိုက်မှတရားမှန်

အဲဒီကပြန်ကောက်လို့ ဖြစ်ပျက်တွေမြင်လို့ ဟာ. . ဒီဖြစ်ပျက်တွေ ကိုယ့်အသေ ကိုယ်မြင်လို့ ကိုယ်မုန်းလို့ ဒါ ဒုက္ခသစ္စာဘဲလို့ ဘုန်းကြီးပြောသလို ဆုံးအောင်လိုက်၊ ဒါ တရားမှန်. . . (မှန်ပါ့) ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

အဲဒီတော့ကို. . . တဲ့၊ အဋ္ဌကထာ ဆရာက ဥပမာပြတယ်၊ ဒီတရားတုပေါ်လာတဲ့ ဥပမာပြတယ်၊ ဘယ်လိုပြသတုံးဆိုတော့ ဒကာဒကာမတို့ တန်ဆောင်မုန်းလ နက္ခတ်ပွဲသဘင်ရှိသကွာ-တဲ့. . . (မှန်ပါ့) တန်ဆောင်မုန်းလမှာ

www.burmeseclassic.com

www.burmeseclassic.com



နက္ခတ်ပွဲသဘင်ရှိပါတယ်တဲ့၊ ဒီပွဲသဘင်ဆိုတာက ရှေးကတော့ အလွန်ပျော်ပွဲကြီးပေါ့မောင်နိုင်. . . (မှန်ပါ့)။

တန်ဆောင်မုန်းလ နက္ခတ်ပွဲသဘင်ဆိုတာ ဒကာကြီးလှိုင် စာတိုင်းလိုလိုပါတယ်နော်. . . (မှန်ပါ့) အင်မတန်ကြီးတဲ့ ပျော်ပွဲကြီးမှာဆိုတော့ သား, လင်, ခင်ပွန်းတွေ တွဲပြုပြီးသကာလ. . . သွားကြတယ်၊ ဒီပွဲသဘင်ကြီးရှိသ၍ အဝတ်တွေ အကုန်ဝတ်ဆင်ပြီးသကာလ အပျော်ဆုံးပွဲဆိုကြပါစို့. . (မှန်ပါ့) ပစ္စည်းပြိုင်ပွဲဆိုကြပါစို့. . . (မှန်ပါ့)။

အဲဒီလို သွားတဲ့အခါမှာ. . . တဲ့၊ ရက်မတိုင်မီက ရွှေအတုတွေရောင်းတဲ့ ပုဂ္ဂိုလ်ဟာ ရွှေရေစိမ်ခေါ်တယ်။

ဈေးထဲသွားတဲ့အခါ. . . ခုနင်က နက္ခတ်ပွဲသဘင်သွားမည့်ပုဂ္ဂိုလ်တွေက ခုနစ်ရက်အတွင်းက သွားပြီးသကာလ. . . ဈေးထဲတွေ့လို့ ပျော်ရ, ပါးရအောင်ဆိုပြီး သကာလဝတ်ရ, စားရအောင် လက်ဝတ်လက်စား သွားရှာပါတယ်တဲ့. . . (မှန်ပါ့)။

ဒကာကြီးလှိုင် ရှာတဲ့အခါကျတော့ ဟိုက ဈေးသည်က ပြောလိုက်တယ်၊ ခင်ဗျားတို့ ဒီပွဲကို သွားမယ်ဆိုလို့ရှိရင်ဟောဒီရွှေဟာ အဖိုးလည်း နည်းပါတယ်၊ ကောင်းလည်းကောင်းပါတယ်၊ ပွဲသဘင်လည်း တိုးပါတယ်ဆိုတော့ အမြင်အားဖြင့် ကြိုက်မသွားဘူးလား. . . (ကြိုက်ပါတယ်ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



## အတုကထင်ပေါ်လာတယ်

ကိုယ်ကလည်း ပစ္စည်းက နည်းနည်းပါးပါး ရှားမယ်ဆိုတော့ အတုမကြိုက်ပေဘူးလား. . . (ကြိုက်ပါတယ်ဘုရား)။

လောကီ ဥပမာ. . . ပြောကြပါစို့ဆိုတော့ ဒီဓာတုဗေဒစိန်တွေကို တလက်လက်တဖျတ်ဖျတ်နဲ့ အောက်အရပ်ဆီမှာ ဝတ်နေကြတဲ့လူတွေ တပုံကြီးရှိပါတယ်. . . (မှန်ပါ့) သူတို့လည်း မီးနဲ့ကျတော့ ဖျတ်ဖျတ်တော့ လာတာဘဲ. . . (မှန်ပါ့) စိန်စစ်ကလည်း လာတာဘဲ၊ ဓာတုဗေဒကလည်း လာတာဘဲ. . . (မှန်ပါ့)။

အဲဒီလို အတုတွေက စိန်တုပေါ်လာသလို ဒီမှာလည်း. . . တဲ့၊ ဒကာဒကာမတို့ ရွှေတုကနေပြီး ခုနင်ကဈေးသည်က ပြောလိုက်တော့ အကုန်ရွှေတုဝယ်ကြတော့မယ် (မှန်ပါ့) အဖိုးကလည်း သက်သာသေး၊ ပွဲလမ်းသဘင်မှာဝင်တဲ့အခါလည်း တိုးသေးတယ်၊ သဘောပါပလား. . . (ပါ-ပါပြီဘုရား)။

သူများလိုဘဲ တိုးတာဘဲ၊ အဲဒီတိုးတဲ့အခါကျတော့နောက်ဘယ့်နှယ်ဖြစ်ကုန်သတုံးဆိုတော့ ဒီပုဂ္ဂိုလ်တွေကဟော့ဒို့ရွှေစစ်တွေဟာ ဘယ်မှာတုံး. . . တဲ့၊ အရောင်ချင်းလည်းတူသေးတယ်၊ ဈေးလည်းသက်သာချင်းလည်း ကွာသေး

www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုပြီးတော့ သူ့ကိုမြေမြှုပ်ကြတယ်၊ ရွှေစစ်ရှိတဲ့လူတွေက. . (မှန်ပါ့) မမြှုပ်ပေဘူးလား. . . (မြှုပ်ပါတယ်ဘုရား)။

အရေးထဲ ခါးပြလာလည်း သူ့ပေးလိုက်၊ ကျေနပ်သွားတာဘဲ၊ အန္တရာယ်ကာကွယ်ပြီးသားလည်း မဖြစ်ဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

## ရွှေခစ်တွေမြေထဲရောက်တယ်

အဲဒီဟာ လွှမ်မိုးသွားတော့ ရွှေစစ်တွေ မြေထဲရောက်တယ် (မှန်ပါ့)။

ဦးဘကလေးဘယ်ရောက်သလဲ. . . (မြေထဲရောက်သွားပါတယ်ဘုရား) မြှုပ်ကြတာပေါ့. . . (မှန်ပါ့) သဘောကတော့ ဝတ်ချိန်မှ မရှိတော့ဘဲကိုး. . . (မှန်ပါ့)။

ဒါတွေက လွှမ်းမိုးလာပြီကော၊ အများ ဝတ်ကုန်ကြပြီကော (မှန်ပါ့) ရွှေတုဝတ်လို့လည်း အရောင်ကမထူး. . . (မှန်ပါ့)။

အဲဒီလိုဖြစ်လို့ မြှုပ်သလိုဘဲကွာ. . . တဲ့၊ ဒီမှာလည်း အထက်မင်ဉာဏ်တွေ မြှုပ်သွားတယ်၊ ဒီဆယ်ချက်ကို မင်ထင်လိုက်တဲ့အတွက် ဟိုဟာတွေ မြုပ်ထွက်သွားတယ်. . . (မှန်ပါ့) ပေါ်ကြပလား. . . (ပေါ်ပါပြီ)။

ဩော်. . . ဒါဖြင့် ဒီ ဒကာဒကာမတွေကို အရှင်း

www.burmeseclassic.com

www.burmeseclassic.com



ထားပြီးသကာလ ဒီဆရာဘုန်းကြီးက သယ်ယူပို့ဆောင်ပြီး သကာလ ဒီနေရာမှာ ခလုတ်ကန်သင်းရှိပါတယ်ဆိုတာ မပြောလို့ရှိရင် ခင်ဗျားတို့ ကျော်တတ်မှာ မဟုတ်ဘူး. . . (မှန်ပါ့) မဟုတ်ဘူးလား (မှန်ပါ့ဘုရား)။

အဲဒီတော့ ခလုတ်ကန်သင်းတွေ အခု ဆယ်ခု ရှိပါတယ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီ)။

## ဉာဏ်ကြည်လာလို့ပေါ်လာတာ

အရောင်အဆင်းထွက်လာတဲ့သူကို မင်္ဂလို့ မထင် လိုက်ပါနဲ့၊ ရှင်းပလား. . . (ရှင်းပါပြီ) ဉာဏ်ကြည်လာလို့ လည်း. . . (မင်္ဂမထင်လိုက်ပါနဲ့)။

ဖြစ်ပျက်မြင်တဲ့ဉာဏ်ဟာ ဘယ်လိုဘဲ ကြည်ကြည် လင်လင် မြင်မြင် မင်္ဂတော့မဟုတ်သေးဘူး. . . (မှန်ပါ့) မင်္ဂစစ်မဟုတ်သေးဘူးပေါ့လေ. . . ဝိပဿနာမင်္ဂတော့ ဒါဟုတ်ပါတယ်. . . (မှန်ပါ့)။

နှစ်သက်လာတဲ့ ပီတိကလေး ခန္ဓာကိုယ်ကြီးများ ကြွသွားမတတ် ပေါ့ပါးလိုက်တာ ဆိုရုံနဲ့လည်း ဖြစ်ပျက် မြင်စုန်းပေါ်တာဘဲ၊ အထင်မကြီးလိုက်ပါနဲ့. . . (မှန်ပါ့) တရားတုဘဲ။

ဦးဘကလေး သဘောပါကြလား. . . (ပါပါတယ် ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



ပဿဒ္ဒိတဲ့၊ ကိုယ်ငြိမ်းစိတ်ငြိမ်းကလေး သွားရုံနဲ့လည်း (မင်္ဂမထင်ပါနဲ့) ဖြစ်ပျက်မြင်တုန်းပေါ်လာတာလေ. . . (မှန်ပါ့ဘုရား) မင်္ဂတုဘဲဆိုတာ သဘောကျပလား. . . (ကျပါပြီ) တရားတုပေါ်တာဘဲ. . . နော်. . . (မှန်ပါ့)။

သုခတဲ့ ချမ်းသာလိုက်တာ ဘာနဲ့မှမတူဘူး၊ ဖြစ်ပျက်မြင်ပြီးသကာလ ချမ်းသာလုံးကြီး ဝင်လာလိုက်တာ လဲ၊ နည်းနည်းနောနော ချမ်းသာတာမဟုတ်ပါဘူး၊ အင်မတန် ချမ်းသာတာဝင်လာတဲ့အခါကျလို့ရှိရင် ဒါမင်္ဂရလို့ ချမ်းသာတာဘဲလို့လည်း ထင်ချင်ထင်တတ်တယ်. . . (မှန်ပါ့)။

ဒါလည်း မောင်နိုင်တို့က ဘာလုပ်ရမလဲ. . . (ဖြစ်ပျက်ရှုပေးရပါမယ်ဘုရား) ဖယ်ပစ်၊ ဖြစ်ပျက်ရှုပြီး ဖယ်ပစ်ကြပါ. . . (မှန်ပါ့) သဘောပါပလား. . . (ပါပါပြီ)။

အဓိမောက္ခဆိုတာ ဆုံးဖြတ်ချက်ချတာ၊ ဪ. . . ဒါမှတရားစစ် တရားမှန်ဘဲဆိုပြီးတော့ ဆုံးဖြတ်ချက် ချတတ်တယ်နော်. . . (မှန်ပါ့)။

ဖြစ်ပျက်မြင်ရင်းမတ္တနဲ့ အဓိမောက္ခဆိုတဲ့ သဘောကလေးက ခန္ဓာထဲ ပေါ်လာတယ်. . . (မှန်ပါ့)။

သူက ဆုံးဖြတ်ချက်ချတယ်၊ အင်း. . . ဒါဟာ တရားစစ်တရားမှန်ဘဲလို့ ဆုံးဖြတ်ချက်ချတော့ ဘယ်. . .

www.burmeseclassic.com

www.burmeseclassic.com



မောင်နိုင်တို့ နိဗ္ဗာန်မှမမြင်သေးဘဲ၊ ဖြစ်ပျက်တွေမြင်တုန်း ပေါ်လာတာကိုး. . . (မှန်ပါ့)။

အဲဒီဉစ္စာကိုလည်း ကိုယ်က မဂ်စစ်ထင်ပြီးသကာလ ဒကာဒကာမတွေက အသုံးချလိုက်မယ်ဆိုလို့ရှိရင် တရားတုက တရားစစ်ဖျက်တော့မှာဘဲ. . . (မှန်ပါ့) မဖျက်ပေဘူးလား (ဖျက်ပါတယ်ဘုရား)။

ဒါနောက်တစ်ခေါက်ပြန်ပြောတာနော်. . . ဒကာဒကာမတို့. . . (မှန်ပါ့) နောက်တစ်ခေါက်ပြန်ပြောတာ။

"ဉပဋ္ဌာနေစ ကမ္မတိ" သတိတရားကလည်း အရင်သတိမျိုးမဟုတ်ဘူးတဲ့ မောင်နိုင်. . . (မှန်ပါ့) ဖြစ်ပျက်ကလေးတွေနဲ့ ဖျတ်ခနဲ ဖျတ်ခနဲသွားတဲ့ သတိကလေးက လာနေတာဘဲတဲ့နော်. . . (မှန်ပါ့)။

ဩော်. . . ဒီသတိဟာမဂ်ရလို့ ဖြစ်တဲ့ သတိမျိုးလို့လည်း မယူလိုက်ပါနဲ့တဲ့. . . (မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

ဝီရိယကလည်း ရှေးဝီရိယနဲ့မတူဘဲနဲ့ တစ်ခါတည်း မြန်မြန်ဆန်ဆန် ရှင်းပြီးသကာလ ဝီရိယတွေက ပိုပြီး သကာလ လာလိုက်တော့ ဩော်. . . ဒါ. . . မဂ်နဲ့ယှဉ်တဲ့ ဝီရိယဘဲ၊ ဖြစ်ပျက်တွေ အားထုတ်နေလိုက်ရတာ ရှေးဝီရိယမျိုးမဟုတ်ဘူးနော်. . . အခုဝီရိယက အလွန့်ကိုဘဲ မြန်နဲ့

www.burmeseclassic.com

www.burmeseclassic.com



သှဉ်တဲ့ ဝီရိယထင်ပါရဲ့ဆိုပြီးသကာလ ဝီရိယထောက်ပံ့တာနဲ့ သည်း သူ့ကို မင်္ဂစစ်ထင်ပစ်တတ်တယ်. . (မှန်ပါ့)။

ဒါဖြင့် မောင်နိုင်တို့ ဒါလည်း အတူဘဲ. . . (မှန်ပါ့)။

"တတြမေဖ္ဖုတ္တတာ" တဲ့ အို. . . ဖြစ်ပျက်ကလေး တွေ ကြည့်ပြီး တခါတည်း ဖြစ်မှားခြင်းလည်းမရှိ၊ သာယာ ခြင်းလည်းမရှိဘဲနဲ့ သူ့ဟာသူ ဖြစ်နေတော့ အင်း. . ဒါတတြမေဖ္ဖုတ္တတာ. . . စေတသိက်လို့ ခေါ်တာပေါ့နော် မှန်ပါ့)။

အဲဒါကလေးကို ဒကာဒကာမတွေက မင်္ဂစစ်ထင် ိုက်ပြန်လို့ရှိရင်လည်း တရားတုကလာပြီး လွှမ်းမိုးတာဘဲ သို့ မှတ်လိုက်ပါ. . . (မှန်ပါ့) တရားစစ်ပျောက်တယ်၊ သဘောကျပလား (ကျပါတယ်ဘုရား)။

ပြီးတော့ကော. . . နှစ်သက်တဲ့တဏှာ၊ ဒါလည်း သာတတ်ပါတယ်တဲ့နော်. . (မှန်ပါ့)။

ဒီဉစ္စာတွေကို တစ်ခုခုပေါ်တာကို ကိုယ်က နှစ်သက် ိုက်လို့ရှိရင်လည်း မောင်နိုင် ဖြစ်ပျက်ဉာဏ်ထဲမှာ တဏှာ ဝင်ထိုးပစ်လိုက်တယ်. . . (မှန်ပါ့)။

တဏှာက ဝင်ထိုးပစ်လိုက်တော့ ဒီတဏှာလည်း ဒကာဒကာမတွေ မင်္ဂ၏ အန္တရာယ်ဘဲဆိုတာကော သဘော ကျပလား. . . (ကျပါပြီ) သူက မင်္ဂတုလိုလို ဝင်လာတာဘဲ နော်. . . (မှန်ပါ့)။

www.burmeseclassic.com

www.burmeseclassic.com



တရားအားထုတ်ရတာဖြင့် နှစ်သက်လိုက်တာဆိုတဲ့ သဘောကလေးဟာလည်း တဏှာကဝင်ဖျက်တယ်. . . (မှန်ပါ့)။

## ကိုယ့်ဖြစ်ပျက်မပျောက်အောင်သတိထား

အဲဒီတော့ ဒီဆယ်ခုလာတိုင်းလာတိုင်း ဂရုမစိုက်ဘဲနဲ့ ကိုယ့်ဖြစ်ပျက်မပျောက်အောင် သတိထား (မှန်ပါ့) သဘောကျပလား. . (ကျပါပြီ)

ဆယ်ခု လာတိုင်းလာတိုင်း. . . (ဖြစ်ပျက် မပျောက် အောင် နေရပါမယ်ဘုရား)။

အဲဒီဖြစ်ပျက်ကနေပြီးမှ သူက ဘာလာနေနေ အရောင်က လာလာ၊ ပီတိကလာလာ မောင်နိုင်တို့က ဂရုမစိုက်နဲ့ (မှန်ပါ့) ကိုမြင့်တို့က ဂရုမစိုက်နဲ့၊ နောက်က ဒကာ ဒကာမတွေက ဂရုမစိုက်ပါနဲ့၊ ကိုယ့်ဖြစ်ပျက်နဲ့သာ ကိုယ်နေပါ. . . (မှန်ပါ့)။

အဲဒီဖြစ်ပျက်ကနေပြီးမှ တက်ပြီးသကာလ ဥဒယဗ္ဗယအပျက်ချည့်မြင်လည်း ကောင်းသွားလိုက်တာဘဲ ဘယဒါတွေဟာ ဘေးတွေဘဲထင်လည်း ကောင်းတာဘဲ. . (မှန်ပါ့) အာဒီနဝ-အပြစ်တွေ ထင်လာရင်ကော. . (ကောင်းသွားပါတယ်ဘုရား) နိဗ္ဗိန္ဒ-ငြီးငွေ့လာရင်ကော. . (ကောင်းပါတယ်ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာပါဘဲ. . . တဲ့၊ နောက်ကျတဲ့အခါကျလို့ ရှိရင် သခ်ီါရုပေက္ခာဆိုတော့ ဒါတွေ ဥပေက္ခာထားနိုင်တယ် (မှန်ပါ့) နောက်ကျတော့ မဂ်နဲ့လျော်တဲ့ အနုလောမဉာဏ် တွေ ပေါ်လာရင်ကော. . . (ကောင်းပါတယ် ဘုရား) ကောင်းပါတယ်။

နောက်ကျတော့ ဖြစ်ပျက်ဆုံးတဲ့သစ္စာ မြင်ပြီး သကာလ. . . ဒါတွေဟာ သစ္စာတွေဘဲဆိုပြီး ဆုံးသွားတဲ့ အဆုံးမှသာလျှင် ဒကာကြီးလှိုင် - အစစ်တဲ့. . . (မှန်ပါ့) ဒုက္ခသစ္စာ ပိုင်ပိုင်နိုင်နိုင်သိပြီးသကာလ ဖျတ်-ဆို ချုပ်သွားတဲ့ အဆုံးမှသာလျှင် ကိုမြှင့်-မဂ်စစ် (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

## မဂ်တုတွေကျော်သွားပြီးမှ မဂ်စစ်တွေ့တယ်

ဒါဖြင့် မဂ်တုက ဘယ်နှစ်ခုပါလိမ့်. . . (ဆယ်ခုပါ ဘုရား) အဲဒီဆယ်ခုကျော်သွားပြီးမှလည်း မဂ်စစ်တွေ့တယ် (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီဥစ္စာ ရှင်မဟာကဿပကြီးကမေးတာ၊ မမေးသင့်ဘူးလား. . . (မေးသင့်ပါတယ်ဘုရား)။

တရားတု နှိပ်စက်နေတယ်ဟေ့. . . ဒါကြောင့် သိက္ခာပုဒ်နည်းတုန်းကတော့ ရဟန္တာဖြစ်ကြတယ်. . . (မှန်ပါ့)။

www.burmeseclassic.com

www.burmeseclassic.com



နောက်ကျတော့ တရားတုတွေက နှိပ်စက်ပြီး သကာလ. . . လာတော့ အခုပြောတဲ့ဆယ်ချက်က တရားတုတွေ. . . (မှန်ပါ့)။

ဧရွှေတုကနေပြီးသကာလ ရွှေစစ်ကွယ်အောင် မလုပ်နိုင်ဘူးလား မောင်နိုင်. . . (လုပ်နိုင်ပါတယ်ဘုရား) သဘောကျပလား. . . (ကျပါပြီဘုရား)။

လုပ်နိုင်တာပေါ့။ သူက စျေးလည်းပေါသေးတယ်၊ ဝတ်လို့လည်းပြောင်ပြောင်လက်လက်ရှိသေးတယ်၊ ပွဲလည်းတိုးသေးတယ်၊ သူ့ခိုးခိုးသွားလည်း နှမြောစရာမရှိဘူးဆိုတော့ သူကမလွှမ်းမိုးပေဘူးလား. . . (လွှမ်းမိုးပါတယ်ဘုရား)။

လွှမ်းမိုးတယ်ဆိုတာကော ဒကာဒကာမတွေ့ ရိပ်မိပလား (ရိပ်မိပါပြီဘုရား) မလွှမ်းမိုးတယ် လွှမ်းမိုးတယ်ဆိုတာ မိုးကုတ်မှာ ပြင်သစ်ကျောက် မှားတာတွေ အများကြီးတွေ့ရတယ်. . . (မှန်ပါ့)။

စျေးကလည်းချောင်၊ အရောင်းကလည်းကောင်း၊ အချိန်ကလည်းကြီးဆိုတော့ ကိုပေါ်-ကျောက်အဟုတ်နားမလည်တဲ့ လူနဲ့ကျတော့ ချောင်တယ်ထင်ပြီး ယူလိုက်မှာဘဲ. . . (မှန်ပါ့) မဟုတ်ဘူးလား-(မှန်ပါ့)။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါတွေကို အနောက်နိုင်ငံတွေကပါ သေသေချာချာ ဝတ်ပြီဆိုလို့ရှိရင် ကျုပ်တို့မိုးကုတ်အစစ်ဟာ ပျောက်ရမယ်. . . (မှန်ပ့ါ) မပျောက်ပေဘူးလား. . . (ပျောက်ပါတယ်ဘုရား)။

မိုးကုတ်က ကျွတ်ကျွတ်စင်စင်မှ မရှိဘဲ. . . (မှန်ပ့ါ) စင်စင်ရဖို့ရာ လွယ်ပ့ါမလား. . . (မလွယ်ပါဘုရား) ဒကာကြီးလှိုင်. . . (မလွယ်ပါဘုရား) မလွယ်ပါဘူး၊ အလုံးတစ်သောင်း၊ တစ်ခုရဖို့ ဘယ့်နှယ်နေကြမလဲ. . . (ခဲယဉ်းပါတယ်ဘုရား)။

ငယ်ရင်ဖြင့် စင်ချင်စင်မယ်၊ နည်းနည်းကြီးလာရင် ဘယ့်နှယ်နေကြသလဲ. . . (ခဲယဉ်းပါတယ်ဘုရား) ခဲယဉ်းပါတယ်ဆိုတာ မပေါ်သေးဘူးလား. . . (ပေါ်ပါတယ်ဘုရား)။

ကဲ. . . ဒါဖြင့် အခု အတု နှိပ်စက်သေးခင်တော့ ကျုပ်တို့ ရောင်းနေရလိမ့်ဦးမယ်. . . (မှန်ပ့ါ) ရှင်းပလား. . . (ရှင်းပါပြီ) အတု တကယ်များ လွှမ်းမိုးသွားရင် မောင်နိုင်ဒီကဟာတွေ အဲကုန်လဲသေဖို့ဘဲ. . . (မှန်ပ့ါ) ရောင်းစရာအကွက် ရှာနိုင်သေးရဲ့လား. . . (မရှာနိုင်ပါဘုရား)။

မရှာနိုင်သလိုဘဲ. . . တဲ့၊ ဒီမှာ ဗိုင်းဗိုင်းလဲရသလိုဟိုမှာလည်း မဂ်ဉာဏ်, ဖိုလ်ဉာဏ်မှာ ဒကာကြီးလှိုင်-အတု နှိပ်စက်တာနဲ့ ဗိုင်းဗိုင်းလဲရလိမ့်မယ်. . . (မှန်လှပါ)။

www.burmeseclassic.com

www.burmeseclassic.com



## ယနေ့ဆုံးမတော်ဘာပါလိမ့်

တစ်ဘဝထဲ လဲတာလား၊ ဘဝများစွာ လဲသလား (ဘဝများစွာ လဲသွားတာပါဘုရား) မနာဘူးလား. . . (နာပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ယနေ့ ဆုံးမတော် ဘာပါလိမ့် မတုံးလို့ မေးတော့ အို. . . ဒို့အလုပ်ခွင်မှာ အနှောင့်အယှက် မလာလည်း မဖြစ်ဘူး. . . တဲ့၊ လာပြန်လည်း ဖယ်ရှားသွားတတ်မှ ဖြစ်တယ်. . . (မှန်ပါ့) မလာလည်း. . . (မဖြစ်ပါဘုရား) မလာရင် ဥဒယဗ္ဗယဉာဏ် မရောက်သေးဘူး. . . (မှန်ပါ့)။

လာပြန်ရင်ကော. . . (ဖယ်ရှားတတ်မှပါဘုရား) ဖယ်ရှားတတ်မှ မဖယ်ရှားတတ်လို့ရှိရင်လည်း ကန့်လန့်တင်နေမယ်. . . (မှန်ပါ့) သဘောပါကြလား. . . (ပါပါပြီဘုရား) ဒကာကြီးလှိုင် နေရာကျပလား. . . (ကျပါပြီ) ဒါဖြင့် အဓိဂမဆိုတာ မဂ်ဖိုလ်ကိုပြောတာ၊ ပဋိရူပကဆိုတာ အတုအယောင်ကိုပြောတာ. . . (မှန်ပါ့)၊ မရဘဲနဲ့ရတယ်လို့ အလားတူကနှိပ်စက်တာ. . . (မှန်ပါ့)၊ ဒကာဒကာမတို့ သဘောပါပလား. . . (ပါ-ပါပြီဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို မရဘဲနဲ့ ရတယ်လို့ အလားတူက ဘာဖြစ်တာတုံး. . . (နှိပ်စက်ပါတယ်ဘုရား)။

ကဲ. . . ဒါတွေကျတော့ ဆရာကောင်း၊ သမားကောင်းနဲ့သာ ဒကာကြီးလှိုင်-ဒီနည်းမကြည့်တတ်လို့ရှိရင် မှောင်နိုင်သွားပြီ (မှန်ပါ့)။

နောက်က ဒကာဒကာမတွေ ဘယ်လိုဆုံးဖြတ်ချက်ချမလဲ ဆရာကောင်း၊ သမားကောင်းနဲ့သာ မတွေ့ရင် သွားပါပြီ၊ မသွားသေးဘူးလား. . . (သွားပါပြီဘုရား)။

## လာလည်းလာမယ်၊ ဖယ်လည်းဖယ်ရမယ်

အဲဒီတော့ ဒါတွေကိုလည်း သိပြီးသကာလ ဘုန်းကြီးတို့ ဒကာဒကာမတွေက ကြော်. . ဒါမလုပ်ရင် မဖြစ်တဲ့အလုပ်ဘဲ၊ မဖယ်ရင် မဖြစ်တဲ့အလုပ်ဘဲ၊ လာလည်းလာလိမ့်မယ်၊ ဖယ်လည်းဖယ်ရမယ်ဆိုတာ သဘောပါကြလား. . (ပါပါပြီဘုရား) ရှင်းပြီနော်. . (ရှင်းပါပြီဘုရား)။

ကဲ- ဒီနေ့ဒီတွင် တော်ကြဦးစို့

သာဓု . . . သာဓု . . . သာဓု . . .။

www.burmeseclassic.com